လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

Ministry of Social Welfare, Relief and Resettlement

Office No. (23), Nay Pyi Taw

Monthly Newsletter သတင်းလွှာ August 2026


# မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီအစည်းအဝေး (၁/၂၀၂၆)



**၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်** **နေပြည်တော်**

မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီအစည်းအဝေး (၁/၂၀၂၆) တွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ကျင်းပခဲ့ရာ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး တက်ရောက်အမှာစကား ပြောကြားခဲ့သည်။

အစည်းအဝေးသို့ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းနှင့် မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ်ဥက္ကဋ္ဌ ဦးသိန်းဟန်သူ၊ ကော်မတီဝင် အမျိုးသမီးရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ဇင်၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မသန်စွမ်းအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ လူမှုရေးရာဝန်ကြီးများနှင့် တာဝန်ရှိသူများက ဗီဒီယို ကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

အမျိုးသားကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးက အမှာစကားပြောကြားရာတွင် မသန်စွမ်းသူများသည် လူ့အဖွဲ့အစည်း၏ အရေးပါသည့် အစိတ်အပိုင်းဖြစ်ပြီး အများနှင့်နည်းတူ တူညီသည့် အခွင့်အရေးများ ရရှိခံစားပိုင်ခွင့်ရှိအောင် ဖော်ဆောင်ပေးရန်လိုအပ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် မသန်စွမ်းသူများအတွက် လိုအပ်သည့် ဥပဒေ၊ နည်းဥပဒေ၊ မူဝါဒများကို အပြည့်အဝအကောင်အထည်ဖော်ပြီး ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်နှင့် သွားလာရေး အခွင့်အလမ်းများ တူညီစွာဖန်တီးပေးနိုင်ရန် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ မသန်စွမ်းမှု အမျိုးအစားအလိုက် ကွဲပြားနေသည့် မသန်စွမ်းသူများနှင့် ၎င်းတို့ကို ပြုစုစောင့်ရှောက်ပေးနေကြသည့် မိဘဆွေမျိုးများသိရှိထားသင့်သည့် အချက်အလက်များနှင့်အကူအညီရယူရန် လိုအပ်သည့် အချက်အလက်များကို စိစစ်ဖော်ထုတ်ပြီး လူထုကိုမျှဝေနိုင်ရန် အမျိုးသားကော်မတီကတစ်ဆင့် ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

ထိုသို့ဆောင်ရွက်ရာ တွင် မသန်စွမ်းသူများ အပေါ် လျောင်ပြောင်သရော်မှု ပပျောက်စေရန်နှင့်လူ့အခွင့်အရေး အပေါ်အခြေခံသည့် အမြင်ပျံ့နှံ့စေရန်ကိုလည်း ကြိုးစား ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ မသန်စွမ်းသူများ ဆိုင်ရာအရေးကိစ္စများကို ဆောင်ရွက်ရာ တွင် လွယ်ကူစွာ သွားလာနေထိုင် အသုံးပြုနိုင်ရေးသည် အရေးကြီးပါ ကြောင်း၊ထို့ကြောင့်ဝန်ကြီးဌာနများ၊စည်ပင်သာယာရေး ကော်မတီများ အနေဖြင့် Myanmar National Building Code နှင့်အညီ သတ်မှတ်ဘတ်ဂျက် ခွင့်ပြုငွေအတွင်း ဦးစားပေးကဏ္ဍများ သတ်မှတ် ဖော်ထုတ် ဆောင်ရွက် ပေးကြရန် လိုအပ်ကြောင်း၊ မသန်စွမ်းသူများ ပညာသင် ယူနိုင်ရန်နှင့် ဖွံ့ဖြိုးတိုးတက် ရေးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အနေဖြင့် ဌာနပိုင်ကျောင်း ကိုးကျောင်း ဖွင့်လှစ်ထားရှိပြီး စနစ်တကျ ပြုစု စောင့်ရှောက်မှု ပေးလျက်ရှိကြောင်း၊ မိမိတို့အစိုးရ၏ ရက် (၁၀၀) အတွင်း နေပြည်တော် ဥတ္တရသီရိမြို့နယ်၌မသန်စွမ်းသက်ငယ်သင်တန်းကျောင်း တစ်ကျောင်းကို ထပ်မံဖွင့်လှစ်ပေးခဲ့ပြီး မသန်စွမ်း ကလေးငယ်များကို စတင်စောင့်ရှောက်ပေးနေပြီ ဖြစ် ကြောင်း။ မသန်စွမ်းသူများ မှီခိုမှုအနည်းဆုံးဖြင့် ရှင်သန် ရပ်တည်နိုင်ရန် ပညာသင်ယူမှုအပါအဝင် စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာပြင်ဆင်ပြီး ချိန်တွင် လက်တွေ့လုပ်ငန်းခွင် ထဲ ဝင်ရောက်နိုင်ရန် နိုင်ငံတော်နှင့်အတူ ပုဂ္ဂလိက ကဏ္ဍကပါ ပူးပေါင်းဆောင်ရွက်ပေးကြရန် လိုအပ် ကြောင်း၊ မတူညီသည့် မသန်စွမ်းမှုများအလိုက် သာလွန် စွမ်းဆောင်နိုင်မှုအရ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီး ပေးရန် အလေးထား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မသန်စွမ်းသူများကို စီးပွားရေးလုပ်ငန်းအပြင်လူမှုအသိုက် အဝန်း၊ ယဉ်ကျေးမှု၊ အားကစားနှင့် အနုပညာ နယ်ပယ်များတွင်ပါဝင် ဆောင်ရွက်နိုင်ရန် ကြိုးစား ဆောင်ရွက် ကြရမည် ဖြစ်ကြောင်း။

ကျန်းမာရေးကဏ္ဍအနေဖြင့် မသန်စွမ်းသူများကို ဆေးရုံဆေးခန်းများတွင် တန်းစီစောင့်ဆိုင်း စရာမလိုဘဲ ပြသနိုင်ရန်နှင့် ဦးစားပေးအစီအစဉ်ဖြင့် ကုသပေးရန်၊ အရေးပေါ် ကျန်းမာရေး စောင့်ရှောက်မှုများ၊ ခွဲစိတ်ခွဲ စမ်းသပ်မှုများ၊ ပုံရိပ်ဖော်နည်းပညာဖြင့် ရောဂါရှာဖွေ သည့်အခါတွင်ဦးစားပေးအုပ်စုအနေဖြင့်အခမဲ့ဆောင်ရွက် ပေးရန် ကျန်းမာရေးဝန်ကြီးဌာနက ညွှန်ကြားထားပြီး ဖြစ်ကြောင်း၊ မသန်စွမ်းသူများသည် သဘာဝဘေးနှင့် ရင်ဆိုင်ကြုံတွေ့ရသည့်အခါ ပိုမိုထိခိုက် ခံစားရနိုင်ခြေ မြင့်မားသူများ ဖြစ်ကြသောကြောင့် သဘာဝဘေး လျော့ပါးရေး လုပ်ငန်းစဉ်များတွင် မသန်စွမ်းသူများ အတွက် ထည့်သွင်းစဉ်းစား ဆောင်ရွက်ကြရန်လို ကြောင်း။ မသန်စွမ်းသူများ၏ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်း ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အကောင်အထည် ဖော်ဆောင်ရွက်ကြရာတွင် ပြည်ထောင်စုအစိုးရနှင့်အတူ သက်ဆိုင်ရာဌာနအဖွဲ့အစည်းများမှ တာဝန်ရှိ သူများက တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ထို့ပြင် မသန်စွမ်းသူများ၏ အခွင့်အရေးကို အားပေးခြင်း သည် လူမှုတရားမျှတမှုအတွက် အခြေခံတာဝန်အဖြစ် မှတ်ယူပြီး နိုင်ငံတော်၏ ဦးဆောင်မှုတွင် အပြည့်အဝ ပူးပေါင်းဆောင်ရွက်ကြရန်နှင့် ယနေ့အစည်းအဝေးတွင် မသန်စွမ်းသူများအတွက် ထိရောက်အကျိုးရှိစေမည့် အကြံပြုချက်များကို ဆွေးနွေးပေးကြရန် တိုက်တွန်း လိုကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှုများကို လည်းကောင်း၊ အမျိုးသားကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်က ယခင် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီး မှုများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက် လာကြသူများက မသန်စွမ်းသူများ၏ အခွင့်အရေး များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် အကောင် အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများ ကိုလည်းကောင်း၊ ကော်မတီဝင် မသန်စွမ်းကိုယ်စားလှယ် များက ဆောင်ရွက်ပေးစေလိုသည့် အချက်များကို လည်းကောင်း ရှင်းလင်းတင်ပြကြရာ ဒုတိယသမ္မတက ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်သည်များကို ပေါင်းစပ် ညှိနှိုင်းပေး၍ နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ပါသည်။

## အာဆီယံ အရေးပေါ်တုံ့ပြန်ရေးနှင့် ဆန်းစစ်လေ့လာရေးအဖွဲ့ အစောပိုင်းပြန်လည်ထူထောင်ရေး သင်တန်းအဆင့်- ၂ (ASEAN-ERAT Level-2 Course on Early Recovery) သင်တန်းဖွင့်ပွဲ အခမ်း အနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီး ဒေါက်တာစိုးဝင်း တက်ရောက်ဖွင့်လှစ်



**၂၀၂၆ ခုနှစ်၊ ဩဂုတ် ၄ ရက်** **နေပြည်တော်**

အာဆီယံဒေသတွင်း သဘာဝဘေးအန္တရာယ် ဖြစ်ပွားလာပါက လျင်မြန်ပြီး ပိုမိုအားကောင်းသည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အတွက် အာဆီယံအရေးပေါ်တုံ့ပြန်ရေးနှင့် ဆန်းစစ် လေ့လာရေးအဖွဲ့ အစောပိုင်း ပြန်လည်ထူထောင်ရေး သင်တန်းအဆင့် - ၂ (ASEAN-ERAT Level-2 Course on Early Recovery) သင်တန်း ဖွင့်ပွဲအခမ်းအနားကို ၄-၈-၂၀၂၆ ရက်နေ့တွင် Park Royal ဟိုတယ်၊ နေပြည်တော်တွင် မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပပြုလုပ်ခဲ့ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီးဒေါက်တာစိုးဝင်း၊ဒုတိယဝန်ကြီးဒေါက်တာသန်းစိုး၊ ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်၊ နေပြည်တော် ကောင်စီဝင် ဦးထွန်းထွန်း၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ AHA Centre ၏ Operation Director ဒေါက်တာစည်သူဖေသိန်း နှင့် သင်တန်းနည်းပြများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ASEAN-ERAT သင်တန်းသား များ တက်ရောက်ခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးက သင်တန်းဖွင့်အမှာ စကားပြောကြားရာတွင် အာဆီယံဒေသအတွင်း ဘေးအန္တရာယ်များမှ ပိုမိုခံနိုင်ရည်ရှိသော လူမှုအသိုက် အဝန်း တည်ဆောက်နိုင်ရေးအတွက် ပြန်လည် ထူထောင်ရေး လုပ်ငန်းစဉ်များကိုအလေးထားဆောင်ရွက် ကြရကြောင်း၊အစောပိုင်း ပြန်လည်ထူထောင်ရေးလုပ်ငန်း များကို အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းစတင်ပြီးသည်နှင့် တပြိုင်နက်တည်း ဆောင်ရွက်ကြပါကြောင်း၊ အာဆီယံ အဖွဲ့ဝင်နိုင်ငံအသီးသီးမှ ASEAN-ERAT အဖွဲ့ဝင်များ အနေဖြင့် ဘေးအန္တရာယ်ဖြစ်ပွားပြီးနောက် အရေးပေါ် တုံ့ပြန်ရေး လုပ်ငန်းစဉ်မှ ပြန်လည်ထူထောင်ရေးလုပ်ငန်း စဉ်သို့ ကူးပြောင်းလုပ်ဆောင်ရာတွင် စနစ်တကျ ဆောင်ရွက်နိုင်ရန်၊ ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ကျွမ်းကျင်မှုရှိစေရန်၊ နိုင်ငံတကာ ကဆောင်ရွက်လျက်ရှိသော ပြန်လည်ထူထောင်ရေး ဆိုင်ရာအတွေ့အကြုံများ၊ ခေတ်မီနည်းပညာများ ဖလှယ် မျှဝေရန်နှင့် ASEAN-ERAT အဖွဲ့ဝင်များ၏ စွမ်းဆောင် ရည်မြှင့်တင်ပေးနိုင်ရန်အတွက်ယခုသင်တန်းအားဖွင့်လှစ် ရခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်၂၀၂၅ ခုနှစ် တွင် အဖျက်စွမ်းအားကြီးမားသော မန္တလေးငလျင်ကြီးရင်ဆိုင် ကြုံတွေ့ခဲ့ရပြီး ငလျင်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှု ကြီးမားသော်လည်း နိုင်ငံတော်အကြီးအကဲ၏ ဦးဆောင် လမ်းညွှန်မှုဖြင့် ပြည်တွင်းစွမ်းအားစုအရင်းအမြစ်များကို

ထိရောက်စွာအသုံးပြုကာ ငလျင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အချိန်ကာလအလိုက် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ နိုင်ငံတကာ၏ ပူးပေါင်းပါဝင်မှုကိုလည်း အသိအမှတ်ပြုပါကြောင်း၊ ASEAN-ERAT သင်တန်းသားများအနေဖြင့် စာတွေ့သာမက ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှု/ ပြီးစီးမှုအနေအထားကို မြေပြင်အထိ ကွင်းဆင်းလေ့လာသွားနိုင်မည် ဖြစ်ပါကြောင်း၊ အတွေ့အကြုံများဖလှယ်ခြင်းဖြင့်အကျိုးရှိသော သင်တန်းတစ်ခုဖြစ်စေလိုပါကြောင်း ပြောကြားပါသည်။

အဆိုပါ အာဆီယံအရေးပေါ် တုံ့ပြန်ရေးနှင့် ဆန်းစစ် လေ့လာရေးအဖွဲ့ အစောပိုင်းပြန်လည် ထူထောင်ရေးသင်တန်းအဆင့်-၂ (ASEAN-ERAT Level-2 Course on Early Recovery) ကို (၃-၈-၂၀၂၆)နေ့မှ (၇-၈-၂၀၂၆)နေ့အထိ Park Royal ဟိုတယ်၊နေပြည်တော်၌ ဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ အာဆီယံ-ဂျပန် ပူးပေါင်းဆောင်ရွက်မှုရန်ပုံငွေ(JAIF)နှင့် AHA Centre တို့ပူးပေါင်း ဖွင့်လှစ်ခြင်းဖြစ်ပြီး၊ နေပြည်တော်ကောင်စီ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ AHA Centre, UNDP, IOM, IFRC, မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့မှ သင်တန်းနည်းပြများမှ သင်ခန်းစာများပို့ချ၍ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ASEAN-ERAT အဖွဲ့ဝင် (၁၄)ဦး တက်ရောက်ခဲ့ပါကြောင်း သတင်းရရှိခဲ့ပါသည်။

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဒေါက်တာစိုးဝင်း မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ယာယီရေဘေးရှောင်စခန်းသို့ သွားရောက် ကြည့်ရှုထောက်ပံ့အားပေး



**၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်**

**မန္တလေးတိုင်းဒေသကြီး**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဒေါက်တာစိုးဝင်းသည် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ လူမှုရေးရာဝန်ကြီးဦးလှကြွယ်၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့်လမ်းပမ်းဆက်သွယ်ရေးဝန်ကြီးဦးကျော်မိုးသက်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဒေါ်သိင်္ဂီအောင်တို့ လိုက်ပါလျက် မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ တလင်းကြီးကျေးရွာအုပ်စု၊ ဝဲကြီးဆင်ရွာကျေးရွာ ယာယီ ရေဘေးရှောင်စခန်းသို့ သွားရောက်၍ ရေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံပြီး ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးလာမှုများကြောင့် သဘာဝဘေးအန္တရာယ်များ ပိုမိုဖြစ်ပွားလာလျက်ရှိကြောင်း၊ သဘာဝ ဘေးအန္တရာယ်များကြောင့် ထိခိုက်မှုလျော့နည်း

စေရေးကို အဓိကဆောင်ရွက်ကြရကြောင်း၊ ယခုရေဘေးသင့်ဒေသတွင် နှစ်စဉ်ရေလွှမ်းမိုးလေ့ရှိသည့်အတွက် ဒေသနေပြည်သူများအနေဖြင့် အတွေ့အကြုံ အထိုက်အလျောက်ရှိပြီး ကြိုတင်ပြင်ဆင်မှုအသင့်ရှိသောကြောင့် အသက်ဆုံးရှုံးမှုများမရှိရခြင်း ဖြစ်ကြောင်း၊ သို့သော် ယခင်နှစ်များကထက် ရေလွှမ်းမိုးမှုပမာဏ ပိုမိုနေသည့်အတွက် စခန်းများတွင် နေထိုင်သည့်ကာလ အနည်းငယ်ကြာမြင့်နိုင်ပါကြောင်း၊ ရေကြီးရေလျှံမှုနှင့် ဆက်စပ်ကြုံတွေ့ ရလေ့ရှိသော ဝမ်းပျက်ဝမ်းလျှောရောဂါ အပါအဝင် အခြားသောကျန်းမာရေးဆိုင်ရာရောဂါ အန္တရာယ်များ မဖြစ်စေရေး တစ်ဦးတစ်ယောက်ခြင်းနှင့် တာဝန်ရှိသူအားလုံးက အထူးသတိပြု ဆောင်ရွက်ကြစေ လိုကြောင်း ပြောကြားကာ ရေဘေးသင့် အိမ်ထောင်စု (၂၉၅) စု၊ လူဦးရေ (၉၅၀) ဦးအတွက် ငွေကျပ် (၇၈) သိန်းတန်ဖိုးရှိ တစ်ပတ်စာ ဆန်ရိက္ခာဖိုးငွေ၊ ခေါက်ဆွဲခြောက်၊ ငါးသေတ္တာ ကြက်ဥတို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိခဲ့ပါသည်။

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဒေါက်တာစိုးဝင်း စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ ယာယီရေဘေးရှောင်စခန်းများသို့ သွားရောက်ကြည့်ရှုထောက်ပံ့အားပေး



**၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်** **စစ်ကိုင်းတိုင်းဒေသကြီး**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဒေါက်တာစိုးဝင်းသည် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ လူမှုရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင်နှင့် တာဝန်ရှိသူများ လိုက်ပါလျှက် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ ထုံးဘိုရပ်ကွက်၊ သစ်ကနက် ဘုရားဝင်းအတွင်းရှိ ရေဘေးရှောင်စခန်းသို့ သွားရောက်၍ ထုံးဘိုရပ်ကွက်နှင့် တကောင်းရပ်ကွက် အတွင်းရှိရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံကာ ရေဘေးရှောင်စခန်းများတွင် ကျန်းမာရေးဆိုင်ရာ နောက်ဆက်တွဲအန္တရာယ်များ မဖြစ်စေရေး၊ နေ့စဉ်လူနေမှုဘဝတွင် အမှိုက်သရိုက်မှအစပြု၍ ကျေးရွာများ၊ ရပ်ကွက်များရေစီးရေလာ ကောင်းမွန်ပြီး ရေကြီးရေလျှံမှုမဖြစ်စေရေးတို့ကို တစ်ဦးတစ်ယောက်ခြင်းစီမှ စ၍ လိုက်နာနေထိုင်ရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ မိမိတို့၏ ကလေးငယ်များကို ပညာတတ်မြောက်စေရေး အလေးထားဆောင်ရွက်ရန်တို့ကို ပြောကြားပြီး လိုအပ်ချက်များမေးမြန်းကာ အိမ်ထောင်စု ၅၀ စုမှ လူဦးရေ ၂၀၄ ဦးတို့အတွက် ဆန်ရိက္ခာဖိုး၊ ကြက်ဥ၊ ငါးသေတ္တာဘူး၊ ရေဘေးသင့် ပြည်သူများအနက်မှ ကိုယ်ဝန်ဆောင်မိခင်များ၊ ၅ နှစ်အောက်ကလေးများ၊ အသက် ၇၀ နှင့် အထက် သက်ကြီးပုဂ္ဂိုလ်များ၊ မသန်စွမ်းသူများအတွက် တစ်ဦးလျှင် ကျပ် ၃၀၀၀၀ နှုန်းဖြင့် ထောက်ပံ့ငွေ တို့ကို ပေးအပ်ခဲ့ပါသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် လူမှုရေး

ဝန်ကြီးတို့သည် စစ်ကိုင်းမြို့၊ သောတာပန်ရပ်ကွက်၊ လေးကျွန်းမာရ်အောင်ဘုရားဝင်းအတွင်းရှိ စုရပ်နေရာသို့ သွားရောက်ကာ တောတာပန်ရပ်ကွက်နှင့် စိန်ကုန်းရပ်ကွက် အတွင်းရှိရေဘေးသင့်ပြည်သူအိမ်ထောင်စု ၃၆စု စု၊ လူဦးရေ ၁၅၀ ဦး အတွက် ဆန်ရိက္ခာဖိုး၊ ကြက်ဥ၊ ငါးသေတ္တာဘူး၊ ရေဘေးသင့် ပြည်သူများအနက်မှ ၅ နှစ်အောက် ကလေးများ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ အသက် ၇၀ နှင့် အထက်သက်ကြီး ပုဂ္ဂိုလ်များ၊ မသန်စွမ်းသူများအတွက် တစ်ဦးလျှင် ကျပ် ၃၀၀၀၀ နှုန်းဖြင့် ထောက်ပံ့ငွေတို့ကို ထောက်ပံ့ပေးအပ်ခဲ့ပါသည်။

ဆက်လက်၍ မြေဝတီရပ်ကွက် ရှစ်မျက်နှာဘုရားဝင်းအတွင်းရှိ ရေဘေးရှောင်စုရပ်သို့ သွားရောက်ကာ ရေဘေးသင့်အိမ်ထောင်စု ၁၇၅ စု၊ လူဦးရေ ၆၅၀ ဦးအတွက် ဆန်ရိက္ခာဖိုး၊ ကြက်ဥ၊ ငါးသေတ္တာဘူး၊ ရေဘေးသင့် ပြည်သူများအနက်မှ ကိုယ်ဝန်ဆောင်မိခင်များ၊ ၅ နှစ်အောက်ကလေးများ၊ အသက် ၇၀ နှင့် အထက်သက်ကြီး ပုဂ္ဂိုလ်များ၊ မသန်စွမ်းသူများအတွက် တစ်ဦးလျှင် ကျပ် ၃၀၀၀၀ နှုန်းဖြင့် ထောက်ပံ့ငွေတို့ကို ထောက်ပံ့ပေးအပ်ခဲ့ပါသည်။

ထောက်ပံ့မှု စုစုပေါင်းမှာ စစ်ကိုင်းမြို့ပေါ် ရပ်ကွက် ၉ ခုရှိ ရေဘေးသင့်အိမ်ထောင်စု ၄၁၂စု၊ လူဦးရေ ၁၅၆၉ ဦးအတွက် ငွေကျပ် သိန်း ၃၀၀ တန်ဖိုးရှိ ဆန်ရိက္ခာဖိုး၊ ကြက်ဥ၊ ငါးသေတ္တာဘူး၊ ထိခိုက်လွယ် အုပ်စုများအတွက် ထောက်ပံ့ငွေကျပ် ၁၁၄ သိန်းကျော် တို့ကို ထောက်ပံ့ပေးအပ်ခဲ့ပါသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာန၊ ခရိုင်ဦးစီးမှူးရုံး ဆောက်လုပ်မည့် စစ်ကိုင်းမြို့၊ ပါရမီရပ်ကွက် မြေနေရာသို့ သွားရောက်ကာ ရုံးဆောက်လုပ်ရန် တိုင်းတာဆောင်ရွက်နေမှု အခြေအနေများ ကြည့်ရှုစစ်ဆေးပြီးနောက် စစ်ကိုင်းမြို့၊ မျက်မမြင်ကျောင်းသို့ ဆက်လက်သွားရောက်၍ အမြင်အာရုံချို့တဲ့သူများနှင့် ကလေးငယ်များ အတန်းပညာနှင့် အသက် မွေးဝမ်းကျောင်းပညာများ သင်ကြားပေးနေမှု၊ သင်တန်းသားအိပ်ဆောင်၊ စာသင်ဆောင်၊ အသက် မွေးဝမ်းကျောင်းသင်တန်း ဆောင်များသို့ သွားရောက်ကာ လိုအပ်သည်များနှင့် ဖြည့်ဆည်းပေးရန်များကို မေးမြန်းဆောင်ရွက်ပေးခဲ့ပါသည်။ ယင်းနောက် စစ်ကိုင်းမြို့ အသင်္ခရာရိပ်သာ၌ ဝန်ကြီး ဌာနအောက်ရှိ ဦးစီးဌာနများမှ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတွင် တာဝန် ထမ်းဆောင်နေသော ဝန်ထမ်းများနှင့်တွေ့ဆုံကာ လိုအပ်သည်များမှာကြား၍ တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိခဲ့ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဒေါက်တာစိုးဝင်း မကွေးတိုင်းဒေသကြီးအတွင်းရှိယာယီရေဘေးရှောင်စခန်းများသို့ သွားရောက် ကြည့်ရှုထောက်ပံ့အားပေး**



**၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်** **မကွေးတိုင်းဒေသကြီး**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဒေါက်တာစိုးဝင်းသည် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးတင်ကိုကိုနှင့်အတူ မကွေးတိုင်းဒေသကြီး၊ မကွေးမြို့ပေါ်ရပ်ကွက် ၄ ခုနှင့် ကျေးရွာ ၁ ရွာမှ ရေဘေးသင့်ပြည်သူများ စုစည်းထားရှိသည့် မြင်းကင်းကျေးရွာရှိ အလယ်ကျောင်းဓမ္မာရုံ ရေဘေးရှောင်စခန်းသို့ သွားရောက်ပြီး ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံအားပေးစကား ပြောကြားကာ လိုအပ်ချက်များကို ပေါင်းစပ် ဖြည့်ဆည်းပေးခဲ့ပါသည်။ ပြည်ထောင်စုဝန်ကြီးက အိမ်ထောင်စု ၁၂၇ စုမှ လူဦးရေ ၅၂၅ ဦးတို့ အတွက် ဆန်ရိက္ခာဖိုးနှင့် ငါးသေတ္တာဘူးများ၊ ရေဘေးသင့်ပြည်သူများ အနက်မှ ကိုယ်ဝန်ဆောင် မိခင်များ၊ ၅ နှစ်အောက် ကလေးများ၊ အသက် ၇၀ နှင့်အထက် သက်ကြီးပုဂ္ဂိုလ်များ၊ မသန်စွမ်း သူများအတွက် တစ်ဦးလျှင် ကျပ် ၃၀၀၀၀ နှုန်းဖြင့် ထောက်ပံ့ငွေတို့ကိုလည်းကောင်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ခေါက်ဆွဲခြောက်၊ သောက်ရေသန့်နှင့် ကြက်ဥ တို့ကိုလည်းကောင်း ထောက်ပံ့ ပေးအပ်ခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့သည် မင်းဘူးမြို့၊ မှန်ကင်းကျောင်းတိုက်အတွင်းရှိ ရေဘေးရှောင်စုရပ်နေရာနှင့်ရှင်ပင်ကြောင်လိမ်ဘုရား ရေဘေးရှောင်စုရပ်များသို့ သွားရောက်ပြီး ရေဘေးသင့်ပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ သဘာဝဘေးအန္တရာယ်ဖြစ်ပွားမှုများ လျော့နည်းစေရန် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ သစ်ပင်များစိုက်ပျိုးရေး၊ ရေကျသွားပြီးနောက် မိမိတို့၏ နေအိမ်များသို့ ပြန်လည်နေထိုင်ချိန်တွင် ပတ်ဝန်းကျင် သန့်ရှင်းရေး၊ ရေကောင်းရေသန့်အသုံးပြုနိုင်ရေး၊ မြွေ၊ ကင်း အစရှိသော အဆိပ်ရှိသတ္တဝါတို့၏ အန္တရာယ်သတိပြုကြရေး၊ ရေဝင်၍ ခေတ္တကျောင်းပိတ်ထားရသော မိမိတို့၏ ရင်သွေးငယ်များကို ကျောင်းနေပျော်၍ စာတော်သော၊ လိမ္မာယဉ်ကျေးသော လူချွန်လူမွန်များ ဖြစ်စေရေး ပြုစုပျိုးထောင်ပေးရန်တို့ကို မှာကြားပြီး ရေဘေးရှောင်စုရပ် ၂ ခုရှိ ရေဘေးသင့်ပြည်သူ အိမ်ထောင်စု ၄၈၉ စု၊ လူဦးရေ ၁၉၈၂ ဦးတို့အတွက် ဆန်ရိက္ခာဖိုးနှင့် ငါးသေတ္တာဘူးများ၊ ရေဘေးသင့်ပြည်သူများအနက်မှ ကိုယ်ဝန်ဆောင် မိခင်များ၊ ၅ နှစ်အောက်ကလေးများ၊ အသက် ၇၀ နှင့် အထက် သက်ကြီးပုဂ္ဂိုလ်များ၊ မသန်စွမ်းသူများအတွက် တစ်ဦးလျှင် ကျပ် ၃၀၀၀၀ နှုန်းဖြင့် ထောက်ပံ့ငွေတို့ကိုလည်းကောင်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ခေါက်ဆွဲခြောက်၊ ကြက်ဥနှင့် သောက်ရေသန့် တို့ကိုလည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့သည် မင်းဘူးမြို့၊ အမှတ် (၃) ရပ်ကွက်တွင် ရေများပြန်လည် ကျဆင်းနေမှုအား သွားရောက်ကြည့်ရှုခဲ့ပါသည်။

ထောက်ပံ့မှုတန်ဖိုး စုစုပေါင်းမှာငွေကျပ် ၃၁၆ သိန်းကျော်ဖြစ်ကြောင်းနှင့် ၂၀၂၆ ခုနှစ်၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း ရေကြီးရေလျှံမှု ဖြစ်ပွားခဲ့သော တိုင်းဒေသကြီး/ ပြည်နယ် (၉) ခုရှိ ရေဘေးသင့်ပြည်သူများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာနနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များက ကျပ်သန်းပေါင်း ၂၉၀၀ ကျော် တန်ဖိုးရှိ ငွေနှင့်ပစ္စည်းများကို ထောက်ပံ့ပေးထားကြောင်း သတင်းရရှိခဲ့ပါသည်။

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နယ်နှင့်ကျောင်းကုန်းမြို့ ယာယီရေဘေးရှောင်စခန်းများသို့ သွားရောက်ကြည့်ရှုထောက်ပံ့အားပေး

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်အတူ ငဝန်တာ၊ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ရေဝင်နစ်မြုပ်မှုများ ဖြစ်ပွားလျက်ရှိသော

ရေကြည်မြို့နယ်နှင့် ကျောင်းကုန်းမြို့နယ်များသို့ သွားရောက် ခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရေကြည်မြို့ အားကစားရုံ၊ သဃ်္ဘန်းဒေါင့်ဘုန်းကြီးကျောင်း တို့ရှိ ရေဘေးရှောင်စခန်းများသို့ ရောက်ရှိပြီး အိမ်ထောင်စု ၁၉၂ စု၊ လူဦးရေ ၅၈၅ ဦးတို့အတွက် ဆန်ရိက္ခာဖိုးငွေ၊ ကြက်ဥ၊ ငါးသေတ္တာ၊ ခေါက်ဆွဲခြောက်၊ ရေဘေးသင့် ပြည်သူများအနက်မှ အသက် ၇၀ နှစ်နှင့်အထက် သက်ကြီးပုဂ္ဂိုလ်များ၊ အသက် ၅ နှစ်အောက်ကလေးများ၊ ကိုယ်ဝန်ဆောင် မိခင်များ၊ မသန်စွမ်းသူ စုစုပေါင်း ထိခိုက်လွယ်လူဦးရေ ၈၀ ဦးအတွက် တစ်ဦးလျှင် ကျပ် ၃၀၀၀၀ နှုန်း နှင့်ထောက်ပံ့ငွေတို့ကို ပေးအပ်ခဲ့ရာ စုစုပေါင်းထောက်ပံ့မှုမှာ ငွေကျပ် ၇၃.၂ သိန်း ဖြစ်ပါသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျောင်းကုန်းမြို့ရှိ မြို့ပေါက်ဆိန်ဘုန်းကြီး ကျောင်း၊ ရတနာပုံဘုန်းကြီးကျောင်းနှင့် ဥယျာဉ်ကြီးဘုန်းတော်ကြီး ကျောင်းများရှိ ရေဘေးရှောင် စခန်းများသို့ ဆက်လက် သွားရောက်ကာ ရေဘေးသင့်ပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရန်အတွက် တစ်ဦးတစ်ယောက်ခြင်း၊ တစ်ပိုင်တစ်နိုင်မှစ၍ သစ်ပင်များစိုက်ပျိုးကြရန်၊အမှိုက်စွန့်ပစ်မှုများစနစ်တကျရှိကြရန်၊ မိမိတို့၏ ရင်သွေးငယ်များကို ပညာတတ်မြောက်၍ နိုင်ငံ့အတွက် အားထားရသော မျိုးဆက်သစ်များ ဖြစ်စေရေး ပျိုးထောင်ပေးကြရန်၊ ရေများကျဆင်း၍ နေအိမ်များ သန့်ရှင်းရေးဆောင်ရွက်ရာတွင်တစ်ကိုယ်ရည်ကျန်းမာရေး နှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး အထူးဂရုပြုဆောင်ရွက်ကြရန်၊ မိမိအိမ်နှင့်ပတ်ဝန်းကျင်အပြင် စာသင်ကျောင်း၊ ဆေးရုံ၊ လမ်းအစရှိသည့် အများပြည်သူပိုင်နေရာများ ကိုလည်း ပြည်သူများ၏ စုပေါင်းအားဖြင့် ဝိုင်းဝန်း လုပ်ဆောင်ပေးကြရန် တို့ကိုပြောကြားပြီး စခန်းများရှိ ရေဘေးသင့် အိမ်ထောင်စု ၆၃၆ စုမှ လူဦးရေ ၂၂၈၁ ဦးတို့ အတွက် ဆန်ရိက္ခာဖိုးငွေ၊ ကြက်ဥ၊ ငါးသေတ္တာ၊ ခေါက်ဆွဲခြောက်၊ ရေဘေးသင့် ပြည်သူများအနက်မှ အသက် ၇၀ နှစ်နှင့်အထက် သက်ကြီးပုဂ္ဂိုလ်များ၊ အသက် ၅ နှစ် အောက် ကလေးများ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ မသန်စွမ်းသူ စုစုပေါင်း ထိခိုက်လွယ်လူဦးရေ ၉၃ ဦး အတွက် တစ်ဦးလျှင် ကျပ် ၃၀၀၀၀ နှုန်းတို့ကို ထောက်ပံ့ရာ ထောက်ပံ့မှုစုစုပေါင်း ကျပ် ၂၁၄.၅၅ သိန်း ကို ထောက်ပံ့ပေးအပ်ခဲ့ပါသည်။

၂၀၂၆ခုနှစ်ဇူလိုင်လ၊လကုန်ပိုင်းမှစ၍နိုင်ငံအဝှမ်း ဖြစ်ပွားခဲ့သောရေကြီး/ရေလျှံမှုများကြောင့် ရေဘေးသင့် ခဲ့သောပြည်သူများအတွက် လူမှုဝန်ထမ်း၊ကယ်ဆယ်ရေး နှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် တိုင်းဒေသ ကြီး/ပြည်နယ်အစိုးရအဖွဲ့များ၏ ထောက်ပံ့ထားရှိမှုမှာ ငွေကျပ်သိန်းပေါင်း ၃၁,၀၀၀ ခန့်ရှိပြီဖြစ်ကြောင်း သတင်း ရရှိခဲ့ပါသည်။



၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက် ရောဝတီတိုင်းဒေသကြီး

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုးက လှိုင်းဘွဲ့မြို့နယ် ယာယီရေဘေးရှောင်စခန်းရှိ ရေဘေးရှောင်ပြည်သူများအား အားပေးစကား ပြောကြားပြီး စားသောက်ကုန်များ ထောက်ပံ့ပေးအပ်



**၂၀၂၆ ခုနှစ်၊ ဩဂုတ် ၁၈ ရက်** **ကရင်ပြည်နယ်**

ကရင်ပြည်နယ်၊ ဘားအံခရိုင်၊ လှိုင်းဘွဲ့မြို့နယ်၊ ရွှေဂွန်းကျေးရွာတွင် မိုးသည်းထန်စွာ ရွာသွန်းကာ သံလွင်မြစ် ရေကြီးရေလျှံမှုဖြစ်ပွားပြီး မြေနိမ့်ပိုင်းရှိ လူနေအိမ်များသို့ ရေများဝင် ရောက်လာခဲ့မှုကြောင့် ကရင်ပြည်နယ်အစိုးရအဖွဲ့၏ ကြိုတင်စီမံဆောင်ရွက်ထားရှိသည့် ရွှေဂွန်းကျေးရွာအထက် ဘုန်းတော်ကြီးကျောင်းရှိ ယာယီရေဘေးရှောင်စခန်းသို့ ပြည်သူများ သွားရောက်နေထိုင်လျက်ရှိရာ ၎င်းတို့၏ စားသောက်နေထိုင်မှု အဆင်ပြေစေရေးအတွက် ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုးက ယာယီရေဘေး ရှောင်စခန်းရှိ ရေဘေးရှောင်ပြည်များကို အားပေးစကားပြောကြားခြင်းနှင့် စားသောက်ကုန်များ ထောက်ပံ့ပေးအပ်ခဲ့ပါသည်။

အဆိုပါ ရေဘေးရှောင်စခန်းသို့ ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုးနှင့် ပြည်နယ်လူမှုရေးရာ ဝန်ကြီး ဦးစောထွန်းအောင်၊ စစ်ဗျူဟာအခြေချ(လှိုင်းဘွဲ့) စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး စိုးမင်းအောင် တို့နှင့်အတူ တာဝန်ရှိသူများ လိုက်ပါပြီး ရွှေဂွန်းကျေးရွာအထက် ဘုန်းတော်ကြီးကျောင်း ဆရာတော် ဦးသောမနအား ဖူးမြော်ကန်တော့၍ ဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများ ဆပ်ကပ်လှူဒါန်းခဲ့ပါသည်။

ရွှေဂွန်းကျေးရွာအထက် ဘုန်းတော်ကြီးကျောင်း ယာယီရေဘေး ကယ်ဆယ်ရေးစခန်းရှိ ရေဘေးရှောင်ပြည်သူများအား ဒုတိယဝန်ကြီးမှ အားပေးစကား ပြောကြားပြီး နှာစေးချောင်းဆိုး ရောဂါ၊ ဝမ်းပျက် ဝမ်းလျှောရောဂါများ မဖြစ်ပွားစေရေး အသိပညာပေး ပြောကြားခဲ့ပါကြောင်း၊ ဒုတိယဝန်ကြီးသည် ရေဘေးရှောင်ပြည်သူ အိမ်ထောင်စု (၂၅)စု၊ လူဦးရေ (၁၀၃)ဦး အတွက် ကြက်ဥ၊ ခေါက်ဆွဲခြောက်၊ ငါးသေတ္တာဘူးများအား ထောက်ပံ့ပေးအပ်ခဲ့ပါကြောင်း၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန အနေဖြင့် ရေဘေးဖြစ်ပွားသည့်ကာလမှ ယနေ့အချိန်အထိ လှိုင်းဘွဲ့မြို့နယ် အတွင်းရှိ ရေဘေးရှောင် ပြည်သူများအား ဆန်ရိက္ခာဖိုးငွေ

ကျပ် (၅၁၅,၀၀၀/-)၊ ကြက်ဥ၊ ခေါက်ဆွဲခြောက်၊ ငါးသေတ္တာဘူး တန်ဖိုးငွေကျပ် (၂၆၅,၂၇၀/-) အား ထောက်ပံ့ ပေးအပ်ခဲ့ပါသည်။

ကရင်ပြည်နယ်အတွင်း ရေဘေးဖြစ်ပွားသည့် ကာလမှ ယနေ့အချိန်အထိ ရေဘေးရှောင် ပြည်သူများအား ဆန်ရိက္ခာဖိုးငွေ (၁၄,၃၀၅,၀၀၀/-) ကျပ်၊ စားသောက်ကုန်ပစ္စည်း တန်ဖိုးငွေ (၂,၅၇၄,၀၇၀/-)ကျပ် စုစုပေါင်း (၁၆,၈၇၉,၀၇၀/-) ကျပ် တိတိအား ထောက်ပံ့ ပေးအပ်ခဲ့ကြောင်း သတင်းရရှိခဲ့ပါသည်။

## လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင် ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့အခြေစိုက် အပြည်ပြည် ဆိုင်ရာရွှေ့ပြောင်းသွားလာရေးအဖွဲ့ (International Organization for Migration - IOM) ရုံးချုပ်၏ Operations ဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် Ms. Ugochi DANIELS ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



**၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၆ ရက်** **နေပြည်တော်**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာနဒုတိယဝန်ကြီးဒေါက်တာသန့်ဇော်လွင်သည် ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့အခြေစိုက် အပြည်ပြည် ဆိုင်ရာရွှေ့ပြောင်း သွားလာရေးအဖွဲ့ (International Organization for Migration - IOM) ရုံးချုပ်၏ Operations ဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် Ms. Ugochi DANIELS ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ အား အဆိုပါဝန်ကြီးဌာန၊ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံခဲ့ ပါသည်။

ထိုသို့တွေ့ဆုံရာတွင်လူမှုဝန်ထမ်း၊ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာနနှင့် IOM တို့ အကြား နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုး နိုင်ရေးဆောင်ရွက်ဆဲ လုပ်ငန်းစဉ်များ၏ ဖြစ်ပေါ် တိုးတက်မှုအခြေအနေ၊ လူကုန်ကူးခံရသူများနှင့် ထိခိုက် လွယ်သော ရွှေ့ပြောင်းလုပ်သားများအား ကူညီထောက်ပံ့ ရေးဆိုင်ရာကိစ္စရပ်များ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အရေးပေါ်တုံ့ပြန်မှုနှင့် စီမံခန့်ခွဲမှုလုပ်ငန်းများ၌ IOM ဘက်မှ ပူးပေါင်း ပါဝင်ဆောင်ရွက် နိုင်မည့် ကဏ္ဍများနှင့် ဝန်ကြီးဌာနအနေဖြင့် လတ်တလောဆောင်ရွက်လျက် ရှိသည့် လူသားချင်း စာနာမှုဆိုင်ရာ ထောက်ပံ့ကူညီရေး လုပ်ငန်းများ စသည့်ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ကြပါသည်။

တွေ့ဆုံပွဲသို့ ဦးစီးဌာနများမှညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဘာသာရပ်ဆိုင်ရာ တာဝန်ရှိသူများနှင့် IOM ရုံးမှ ကိုယ်စားလှယ် (၅) ဦး ပါဝင်တက်ရောက်ခဲ့ပါကြောင်း သတင်းရရှိခဲ့ပါသည်။

## နေပြည်တော်၊ လယ်ဝေးမြို့တွင် ဆောင်ရွက်မည့် လယ်ဝေးမူလတန်းကြိုကျောင်း ဆောက်လုပ်ရေး စီမံကိန်း ပန္နက်ရိုက်အခမ်းအနားကျင်းပခြင်း



**၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်** **နေပြည်တော်**

အိန္ဒိယ-မြန်မာ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အရ အသေးစားဖွံ့ဖြိုးမှုစီမံကိန်းများ အကောင်အထည်ဖော်ရေးအတွက် အိန္ဒိယနိုင်ငံ၏ အကူအညီပေးရေးဆိုင်ရာ နားလည်မှုစာချွန်လွှာဖြင့် ဆောင်ရွက်မည့် လယ်ဝေးမူလတန်းကြိုကျောင်း ဆောက်လုပ်ရေးစီမံကိန်း ပန္နက်ရိုက် အခမ်းအနား ကျင်းပခဲ့ရာ ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E Mr.Abhay Thakur၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိ သူများ တက်ရောက်ခဲ့ပါသည်။

ဒုတိယဝန်ကြီးက ကလေးသူငယ်များဟာ နောင်တစ်ချိန်မှာ အနာဂတ်နိုင်ငံတော်ကို ပခုံးပြောင်း တာဝန်ယူ ထမ်းဆောင်ကြမည့်သူများဖြစ်ပါကြောင်း၊ ရှေးဦးအရွယ်ကလေးသူငယ် အသက်အပိုင်း အခြားဖြစ်သည့် မွေးစမှ အသက် ၈ နှစ်အရွယ်အထိ အချိန်ဟာ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ လူမှုဆက်ဆံရေးနှင့် ဦးနှောက်ဖွံ့ဖြိုးမှုတို့ အလျင်မြန်ဆုံး ဖြစ်ပေါ်သည့်ကာလဖြစ်ပါကြောင်း၊ လူ့ဘဝတစ်လျှောက်သင်ယူနိုင်မှုစွမ်းအား အကောင်းဆုံးအချိန်ဖြစ်တာနှင့်အညီ ဖွံ့ဖြိုးမှုအတွက် အရေးပါသော ကာလဖြစ်ပါကြောင်း၊ ထိုကာလအတွင်း ကလေးသူငယ်များ၏ ကာယ၊ ဉာဏ၊ စာရိတ္တ၊ လူမှုဆက်ဆံရေး၊ စိတ်ခံစားမှု၊ အာဟာရနှင့် ကျန်းမာရေးစသည့် ဘက်စုံဖွံ့ဖြိုး တိုးတက်မှုများရရှိစေရန် မိသားစု၊ ရပ်ရွာနှင့် သက်ဆိုင်ရာဌာန အဖွဲ့အစည်းများ အားလုံးက ပူးပေါင်းဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ အိန္ဒိယ-မြန်မာပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်အရ လယ်ဝေးမူလတန်းကြို ကျောင်းဆောက်လုပ်ပေးခြင်းအတွက် အိန္ဒိယနိုင်ငံအစိုးရနှင့် ပြည်သူများ အားလုံးအား ကျေးဇူးအထူးတင်ရှိပါကြောင်းနှင့် အိန္ဒိယ-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရေး အစွန့်ရှည် တည်တံ့ခိုင်မြဲစေရေး အတွက် ဆုတောင်းမေတ္တာပို့သပါကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးက စီမံကိန်းဆိုင်ရာ အကူအညီပေးရေး အစီအစဉ်များအား ရှင်းလင်းပြောကြားခဲ့ပြီး ကလေးငယ်များ၏ ရေရှည်ဖွံ့ဖြိုးတိုးတက် ရေးအတွက် လက်တွဲ ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်းပြောကြားခဲ့ပါသည်။

ထို့နောက် ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးနှင့်အခမ်းအနားသို့တက်ရောက်လာသူများက လယ်ဝေး မူလတန်းကြိုကျောင်း ဆောက်လုပ်မည့် မြေနေရာတွင် ပန္နက်ရိုက်ခြင်းနှင့် အမွှေးနံ့သာရည်များ ပက်ဖြန်းခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါ လယ်ဝေး မူလတန်းကြိုကျောင်း ဆောက်လုပ်ခြင်း စီမံကိန်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း အိန္ဒိယနိုင်ငံ အစိုးရ၏ ထောက်ပံ့ငွေကျပ် ၁၀၈၁.၄၇၅ သန်းဖြင့် ၈၀ ပေ × ၃၀ ပေ × ၂၄ ပေ Steel Structure နှစ်ထပ်အဆောက်ဦး ၂ လုံးကို ဆောက်လုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိခဲ့ပါသည်။

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်၊ ရန်ကုန်မြို့ရှိ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး (UNHCR) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Barnaby Jones အား လက်ခံတွေ့ဆုံ



**၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်** **နေပြည်တော်**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်သည် ရန်ကုန်မြို့ရှိ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (Office of the United Nations High Commissioner for Refugee – UNHCR) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Barnaby Jones အား အဆိုပါဝန်ကြီးဌာန၊ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံ ခဲ့ပါသည်။

ထိုသို့တွေ့ဆုံရာတွင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနနှင့် UNHCR တို့အကြား နားလည်မှုစာချွန်လွှာ MoU လက်မှတ်ရေးထိုး၍ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိမှု၊ ဝန်ကြီးဌာနနှင့်ပူးပေါင်း၍ လူသားချင်းစာနာမှုအကူအညီလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုများ၊ UNHCR ၏ နိုင်ငံခြားသားဝန်ထမ်းများအတွက် ဗီဇာနှင့် ပြည်တွင်းခရီး သွားလာခွင့်ရရှိရေး ဝန်ကြီးဌာနမှ ညှိနှိုင်းဆောင်ရွက်ပေးခဲ့မှုများ၊ ဝန်ကြီးဌာနနှင့် UNHCR တို့အကြား လုပ်ငန်းများ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပါသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယ အမြဲတမ်းအတွင်းဝန်၊ ဘာသာရပ်ဆိုင်ရာတာဝန်ရှိသူများ နှင့် UNHCR မှ ကိုယ်စားလှယ်တစ်ဦး ပါဝင် တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိခဲ့ပါသည်။

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်၊ Save the Children International (SCI) မှ အာရှဒေသဆိုင်ရာ Regional Director ဖြစ်သူ Mr. Arshad Mehmood Malik ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



**၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်** **နေပြည်တော်**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်သည် Save the Children International (SCI) မှ အာရှဒေသဆိုင်ရာ Regional Director ဖြစ်သူ Mr. Arshad Mehmood Malik ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား အဆိုပါဝန်ကြီးဌာန၊ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံခဲ့ပါသည်။

ထိုသို့တွေ့ဆုံရာတွင် Save the Children International (SCI) နှင့် ဝန်ကြီးဌာနတို့အကြား ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး (Early Childhood Care and Development – ECCD) ဆိုင်ရာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နေမှုများ၊ Save the Children International (SCI) အနေဖြင့် အဆိုပါ ECCD လုပ်ငန်းများ၌ နည်းပညာအကူအညီ ထောက်ပံ့ပေးအပ်နိုင်ရေး အခြေအနေ၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် Save the Children International (SCI) တို့အကြား နားလည်မှုစာချွန်လွှာ (MoU) ရေးထိုးနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များ စသည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပါသည်။

တွေ့ဆုံပွဲသို့ Save the Children International (SCI) ၏ မြန်မာနိုင်ငံဆိုင်ရာဌာနေ ကိုယ်စားလှယ် Mrs. Wang Le နှင့် ကိုယ်စားလှယ်များ၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် ဘာသာရပ်ဆိုင်ရာတာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိခဲ့ပါသည်။

# လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်၊ ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်တွင် မသန်စွမ်းမှုအဆင့် သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများမှတ်ပုံတင်ခြင်းသင်တန်းကို တက်ရောက်ဖွင့်လှစ်



**၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်** **ဧရာဝတီတိုင်းဒေသကြီး**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်သည် ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့၊ မြို့တော်ခန်းမတွင် ကျင်းပသည့် မသန်စွမ်းမှုအဆင့် သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများမှတ်ပုံတင်ခြင်း သင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။ သင်တန်းဖွင့်ပွဲသို့ ပြန်လည်ထူထောင်ရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ်၊တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီမှတာဝန်ရှိသူများ၊

ဧရာဝတီတိုင်းဒေသကြီးမသန်စွမ်းသူများအသင်းမှ တာဝန်ရှိ သူများနှင့် မသန်စွမ်းသူများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ကြပါသည်။

ဒုတိယဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့်အိမ် အကြောင်းအရာသန်းခေါင်စာရင်းအရ ဧရာဝတီတိုင်းဒေသကြီးတွင် မသန်စွမ်းသူဦးရေလေးသိန်းခွဲနီးပါးရှိပြီးမသန်စွမ်းဖြစ်ပွားမှုနှုန်း (၈.၉ ရာခိုင်နှုန်းဖြင့်) တိုင်းဒေသကြီးများတွင် အမြင့်မားဆုံးဖြစ်ကာ ညောင်တုန်းမြို့နယ်တွင် မသန်စွမ်းသူဦးရေ တစ်သောင်းကျော်ရှိကြောင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူ များနှင့်ရပ်မိရပ်ဖများအနေဖြင့် မိမိတို့နှင့်နီးစပ်ရာ အသိုက်အဝန်းတွင်ရှိသည့် မသန်စွမ်းသူများအတွက် အများတန်းတူအခွင့်အရေးနှင့် ခံစားခွင့်များအပြည့်အဝရရှိစေရေး ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့် မသန်စွမ်းသူများ၏ ဂုဏ်သိက္ခာ၊ လူ့အခွင့်အရေးနှင့် လူမှုအသိုက်အဝန်းအတွင်း တန်းတူညီမျှ ပါဝင်ဆောင်ရွက်ခွင့်ရရှိရေး၊ ခွဲခြားဆက်ဆံခံရမှုနှင့် မညီမျှမှုမရှိစေရေးအတွက် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မသန်စွမ်းသူများအနေဖြင့် အသက်မွေးဝမ်းကျောင်း ပညာသင်ကြားခွင့်နှင့်အလုပ်အကိုင်အခွင့်အလမ်းရရှိမှသာ ကိုယ်ပိုင်ဝင်ငွေရရှိပြီး၊ ဂုဏ်သိက္ခာရှိရှိ အမှီအခို ကင်းစွာရပ်တည် နေထိုင်နိုင်ပြီး ဘဝအရည်အသွေး တိုးတက်လာမှာဖြစ်ပါကြောင်း၊ မသန်စွမ်းမှု အဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများမှတ်ပုံတင်ခြင်းလုပ်ငန်းသည် မသန်စွမ်းသူများအတွက် မူဝါဒများရေးဆွဲချမှတ်ရာမှာ အချက်အလက်များ တိကျမှန်ကန်စေရေးအတွက် အရေးပါသည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ပါကြောင်းပြောကြားခဲ့ပါသည်။

သင်တန်းသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ချုပ်၊ မြို့နယ်ကြက်ခြေနီအသင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ မသန်စွမ်းသူများ အသင်းနှင့်ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ တက်ရောက်ကြပါသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်း လုပ်ငန်းကို ပုသိမ်မြို့နယ်နှင့် ကန်ကြီးထောင့်မြို့နယ်တို့တွင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး

ညောင်တုန်းမြို့နယ်တွင် ထပ်မံဆောင်ရွက်ခြင်းဖြစ်ကြောင်းနှင့် စုစုပေါင်း စီမံကိန်း မြို့နယ် (၃၉) ခုတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီးမသန်စွမ်းသူ စုစုပေါင်း (၁၃,၄၂၂) ဦးအား မသန်စွမ်းသူမှတ်ပုံတင်လက်မှတ်များ ထုတ်ပေးထားပြီးဖြစ်ကြောင်း သတင်းရရှိခဲ့ပါသည်။

## ကယားပြည်နယ်လူမှုဝန်ထမ်းရုံးမှ MCCT အသိပညာပေးသင်တန်းကျင်းပခြင်း



ကယားပြည်နယ် လွိုင်ကော်မြို့၊ လွိုင်ကော်မူလတန်းကြိုကျောင်းခန်းမ၌ MCCT အသိပညာပေးသင်တန်းအစီအစဉ်ကို ၂၄-၈-၂၀၂၆ ရက်တွင် လူဦးရေ (၃၃)ဦး ဖြင့် ဖွင့်လှစ်ခဲ့ပါသည်။

အဆိုပါသင်တန်းတွင် ကယားပြည်နယ် လူမှုဝန်ထမ်းရုံးမှ ပြည်နယ်ဦးစီးမှူး ဒေါ်စိန်စိန်မော်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ပြည်နယ်လူမှုဝန်ထမ်းရုံးမှ တာဝန်ရှိသူများက MCCT ငွေကြေး ထောက်ပံ့ခြင်း အစီအစဉ်နှင့် ပတ်သက်၍ လုပ်ငန်းဆောင်ရွက်ချက်များအား ရှင်းလင်းပြောကြားခဲ့ပါသည်။ ထို့နောက် မြန်မာ့စီးပွားရေးဘဏ်(လွိုင်ကော်)မှ တာဝန်ရှိသူများက MCCT ငွေကြေးထောက်ပံ့ခြင်း အစီအစဉ်တွင် ငွေထုတ်ယူခြင်း လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပါသည်။ အဆိုပါ သင်တန်းသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ရပ်ကျေးစာရေးများ၊ မြန်မာ့စီးပွားရေးဘဏ် (လွိုင်ကော်) မှ ဝန်ထမ်းများ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှသူနာပြုများ၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့မှ အမျိုးသမီးရေးရာအဖွဲ့ဝင်များ စုစုပေါင်း လူဦးရေ (၃၃)ဦး တက်ရောက်ခဲ့ပါသည်။

သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်မှာ MCCT အစီအစဉ် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်ရမည့် ဌာနအဖွဲ့အစည်းများအား လက်ရှိဆောင်ရွက်လျက်ရှိရာ ထောက်ပံ့သည့် နည်းစနစ်များ၊ ထောက်ပံ့ကြေးပေးအပ်ရာတွင် ပူးပေါင်းဆောင်ရွက်ရမည့် ကဏ္ဍများနှင့် အစီအစဉ် ထိရောက်မှုရှိစေရေး ရည်ရွယ်၍ ဖွင့်လှစ်ရခြင်းဖြစ်ပါသည်။

## အသက်(၃) နှစ်မှ (၅) နှစ် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ (အခြေခံ) သင်တန်းဆင်းပွဲ အခမ်းအနား ကျင်းပပြီးစီးမှုမှတ်တမ်း

အသက်(၃)နှစ်မှ (၅)နှစ် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ (အခြေခံ) သင်တန်းကို ၃-၈-၂၀၂၆ ရက်မှ ၂၆-၈-၂၀၂၆ ရက်ထိ မော်လမြိုင်မြို့၊ အိမ်တွင်းမှုသက်မွေး လုပ်ငန်းပညာသင်ကျောင်းခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါအခမ်းအနားတွင်မွန်ပြည်နယ်အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးတင်ဇော်ထွန်းက သင်တန်းဆင်းအမှာစကားပြောကြားပြီး၊ သင်တန်းသူ/ သင်တန်းသားများအားလူမှုရေးရာဝန်ကြီး၊ မွန်ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စိုးစိုးအိ၊ ပြည်နယ်/ခရိုင်/မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၊ အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်လူမှုဝန်ထမ်းရုံးမှ ပြည်နယ်ဦးစီးမှူးတို့က သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြပါသည်။



ထို့နောက် သင်တန်းသူလေးများက **"မွန်တို့ဌာနီ ရာမညမြေ"** တေးသီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်ခဲ့ပြီး **" Walking Walking"** ကဗျာ၊ **" သို့ကျောင်းသား "** ပုံပြင်၊**"အလှကမ္ဘာမြေ"**တေးသီချင်းတို့ဖြင့်တေးသရုပ်ဖော် ကပြဖျော်ဖြေတင်ဆက်ခဲ့ပါသည်။ ယင်းနောက် အခမ်းအနားကို ရုတ်သိမ်းခဲ့ပါသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသောမွန်ပြည်နယ်အစိုးရအဖွဲ့၊ လူမှုရေးရာဝန်ကြီး၊ ပြည်နယ်/ ခရိုင်/ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်လူမှုဝန်ထမ်းရုံး ညွှန်ကြားရေးမှူးနှင့် သင်တန်းနည်းပြများမှ သင်တန်းသူများပြုလုပ်ထားသောလက်မှုများ၊ သင်ထောက်ကူပစ္စည်းများ၊ ပန်းချီများ ခင်းကျင်း ထားသည်များကို ကြည့်ရှုအားပေးခဲ့ကြပြီး သင်တန်းသူများအား အားပေးစကား ပြောကြားခဲ့ပါသည်။

အဆိုပါအခမ်းအနားသို့ မွန်ပြည်နယ်အစိုးရအဖွဲ့၊ လူမှုရေးရာဝန်ကြီး၊ပြည်နယ်/ ခရိုင်/ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်နယ် လူမှုဝန်ထမ်းရုံး ညွှန်ကြားရေးမှူးနှင့် သင်တန်းနည်းပြများ၊ သင်တန်းသား/ သင်တန်းသူများ စုစုပေါင်းအင်အား (၅၀) ဦးခန့် တက်ရောက်ခဲ့ကြပါသည်။

## စစ်ကိုင်းတိုင်းဒေသကြီးလူမှုဝန်ထမ်းရုံး၊ အစည်းအဝေးခန်းမတွင် တိုင်းဒေသကြီးကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေအသိပညာပေးဟောပြောပွဲနှင့် တိုင်းဒေသကြီးအဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကျင်းပခြင်း



၂၀၂၆ ခုနှစ်၊ ဩဂုတ်လ (၂၇)ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီးလူမှုဝန်ထမ်းရုံး၊ အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီး ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေအသိပညာပေး ဟောပြောပွဲနှင့် တိုင်းဒေသကြီး အဆိုးရွားဆုံးပုံစံဖြင့်ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများ ဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ပေါ်ရှိ အခြေခံပညာအထက်တန်းကျောင်း(၁၀)ကျောင်းမှ ဆရာ/ဆရာမများ၊ ကျောင်းသား/ ကျောင်းသူများ၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ဝန်ထမ်းများ၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ဝန်ထမ်းများ စုစုပေါင်း (၁၀၀)ဦးခန့် တက်ရောက်ခဲ့ကြပါသည်။

၎င်းနောက် စစ်ကိုင်းတိုင်းဒေသကြီးလူမှုဝန်ထမ်း ဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါ်လှိုင်မိုးမြတ်က ဟောပြောပွဲ ကျင်းပရခြင်းအကြောင်းကို ရှင်းလင်းပြောကြားခဲ့ပြီး ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း (Convention on the Right of the child) အကြောင်းကိုလည်းကောင်း၊ ဒုတိယ ညွှန်ကြားရေးမှူးဒေါ်အေးမြင့်ရီကကလေးသူငယ်ကာကွယ်စောင့်ရှောက်ခြင်း (Child Protection) အကြောင်းကိုလည်းကောင်း၊လက်ထောက်ညွှန်ကြားရေးမှူးဒေါ်ခင်မာထူးက အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများ ဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေးဆိုင်ရာ အကြောင်းကိုလည်းကောင်း အပြန်အလှန်ဆွေးနွေးပြောကြားခဲ့ကြပါသည်။

ဆက်လက်၍စစ်ကိုင်းတိုင်းဒေသကြီးလူမှုဝန်ထမ်း ဦးစီးဌာန၊တိုင်းဒေသကြီးဦးစီးမှူး ဒေါ်လှိုင်မိုးမြတ် က မုံရွာမြို့ပေါ်ရှိ အခြေခံပညာ အထက်တန်းကျောင်း(၁၀)ကျောင်းမှ ဆရာ/ဆရာမများအား ကလေးသူငယ် အခွင့်အရေးများဆိုင်ရာဥပဒေ (၂၀၁၉) ခုနှစ် စာအုပ်များ ပေးအပ်လှူဒါန်း ခဲ့ပြီး အခမ်းအနားအား အောင်မြင်စွာ ပြီးမြောက်ခဲ့ပါသည်။

## အသက် (၃)နှစ်မှ (၅)နှစ် ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံသင်တန်း ဖွင့်လှစ်ဆောင်ရွက်ခြင်း



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာပင်မအထောက်အကူပြု ဗဟိုဌာန(ရန်ကုန်)တွင် ဌာနတွင်းဆရာမများအတွက် အသက် (၃)နှစ်မှ (၅)နှစ် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံသင်တန်းကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ သင်တန်းသူ(၂၆)ဦးဖြင့် ၃-၈-၂၀၂၆ ရက်မှ ၁-၉-၂၀၂၆ ရက်ထိ ဖွင့်လှစ်လျက် ရှိရာသင်တန်းတွင် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရမည့် နည်းပညာများကို လက်တွေ့ နယ်ပယ်များ၌လည်း အတွေ့အကြုံရှိသော နည်းပြ များနှင့် ပြင်ပမှသက်ဆိုင်ရာ ဘာသာရပ်အလိုက် သင်ကြားပို့ချရန် ဖိတ်ကြားထားသည့် နည်းပြများမှ စာတွေ့၊ လက်တွေ့များဖြင့် သင်ကြားပို့ချပေးလျက် ရှိပါသည်။

အဆိုပါသင်တန်းတွင် လူမှုဝန်ထမ်းဦးစီးဌာန၏ လုပ်ငန်းကြီး(၇)ရပ်၊ ECCD Law & Policy၊ ကလေးဖွံ့ဖြိုးမှု၊ ကလေးသဘောသဘာဝနှင့် လိုအပ်ချက်၊ ကလေးသူငယ် အခွင့်အရေးများ၊ ကလေးစိတ်ပညာ၊ ဘာသာစကားဖွံ့ဖြိုးမှု၊ အစောပိုင်းကာလစာတတ်မြောက်မှု၊ ကစားခြင်း၊ သင်ယူခြင်း နှင့် အရေးကြီးပုံ၊ သင်ယူမှု၏ အခြေခံအုတ်မြစ်နှင့် သင်ယူမှုပုံစံများပုံပြင်သင်ကြားခြင်း နည်းလမ်းများနှင့် လက်တွေ့ပုံပြင် စာအုပ်ပြုလုပ်ခြင်း၊ သင်ထောက်ကူပစ္စည်းများပြုလုပ်ခြင်း၊ ကျန်းမာရေးနှင့် အာဟာရ၊ အထူးဂရုပြုစောင့်ရှောက်ရန် လိုအပ်သော ကလေးများအတွက် သင်ကြားမှုနည်းလမ်းများ၊ အကူးအပြောင်းကာလ အရေးကြီးပုံ၊ Early Childhood Intervention၊ သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာ၊ သင်ခန်းစာအစီအစဉ် ရေးဆွဲခြင်းနှင့် ပတ်သက်သည့် ဘာသာရပ်များအား သင်ကြား ပို့ချသွားမည်ဖြစ်ပါသည်။

လူမှုဝန်ထမ်းဦးစီးဌာန၏ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ မူလတန်းကြိုကျောင်းများမှ မူကြိုဆရာမများဖြစ်သည့် လူမှုဝန်ထမ်း-(၃)၊ လူမှုဝန်ထမ်း-(၄)၊ လူမှုဝန်ထမ်း-(၅)အဆင့်ရှိ ဝန်ထမ်းများနှင့် ခရိုင်လူမှုဝန်ထမ်းရုံးမှ အကြီးတန်းစာရေးဝန်ထမ်းများတက်ရောက်ကြပြီး သင်တန်းသားများအနေဖြင့် အဆိုပါသင်တန်းကို တက်ရောက်ပြီးပါက မိမိတာဝန်ကျရာကျောင်း၊ ဌာနနှင့် မိမိ နေထိုင်ရာ ပတ်ဝန်းကျင်ရှိကလေးသူငယ်အခွင့်အရေးကို တန်းတူညီမျှ ရရှိစေရန်အတွက် ဆောင်ရွက်ပေးနိုင်ခြင်း၊ မူကြိုအရွယ်ကလေးများအား ဖွံ့ဖြိုးမှု (၅)ရပ်နှင့်အညီ ကြီးထွားဖွံ့ဖြိုး လာစေရန်အတွက် လက်တွေ့ပြုလုပ်ထားသော သင်ထောက်ကူများနှင့် သင်ယူမှုနေရာများတွင် ချိတ်ဆက်၍ သင်ကြားသင်ယူမှု လုပ်ငန်းများပြုလုပ်ဆောင်ရွက်တတ်လာစေရန် စနစ်တကျ ပြုစုပျိုးထောင်ပေးနိုင်ပြီး ကလေးပြုစုစောင့်ရှောက်သူများ၊ ကလေးနှင့်သက်ဆိုင်သည့်လုပ်ငန်း လုပ်ဆောင်နေသူများ အား မျှဝေပေးနိုင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ၂၀၂၆ ခုနှစ်၊ ဩဂုတ်လအတွင်း သဘာဝဘေးဆိုင်ရာအသိပညာပေးပြုလုပ်ခြင်း

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှတာဝန်ရှိသူများသည်(၁၄-၈-၂၀၂၆) ရက်မှ(၁၉-၈-၂၀၂၆)ရက်အတွင်း မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ အ.ထ.က (ခွဲ) အလင်းရောင်ကျောင်းနှင့် အ.မ.က (မူလွန်) ရွာတောကျောင်း၌ သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ ဆောင်ရန်/ ရှောင်ရန် အချက်များကို အသိပညာပေးဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေခြင်းတို့ဆောင်ရွက်ခဲ့ပါသည်။

မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံ

မြို့နယ်၊ ပြန်လည်ထူထောင်ရေး ဦးစီးဌာန၌ ဖွင့်လှစ်သည့် စေတနာ့ဝန်ထမ်းမူးယစ်ကြီးကြပ်ရေးမှူးသင်တန်းအမှတ်စဉ် (၁/၂၀၂၆) ၌ သင်တန်းသား/သူ စုစုပေါင်း (၂၀) ဦး အား သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်၍ ဆောင်ရန်/ ရှောင်ရန်အချက်များကို အသိပညာပေးဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှတာဝန်ရှိသူများသည်(၆-၈-၂၀၂၆) ရက်မှ (၉-၈-၂၀၂၆) ရက်အတွင်း ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊အမှတ်(၁၊ ၂၊ ၃၊ ၅၊ ၉) ရပ်ကွက်၊ လှာကမြင်းဈေး၊ လှာကမြင်ကွက်သစ်၊ အမှတ် (၄၊ ၆၊ ၇၊ ၈) ရပ်ကွက်၊ သီရိဈေး၊ မြို့မဈေးကြီး၊ ကမော့ကစင်ရွာသစ်၊ ရဲသာရွာသစ်နှင့် နောင်လိုင်ကျေးရွာ၊ တရုတ်လှစံပြကျေးရွာ၊ ဘားကပ်ဈေး၊ ဘားကပ်ကျေးရွာ၊ ကော့ဂွန်းကျေးရွာ၊ နှစ်ခြားကျေးရွာနှင့် ရသေ့ပုံကျေးရွာ၊ တောင်ကြားကျေးရွာ၊ ရေကျော် (မြိုင်ကလေး) ကျေးရွာ၊ ခဲတောက်ကျေးရွာ၊ ညောင်ပင်သာကျေးရွာ၊ မြိုင်ကလေးဈေးနှင့် မြိုင်ကလေးကျေးရွာ၊ ကူးဆိပ်ကျေးရွာ၊ လှာကာကျေးရွာ၊ ဘားပုကျေးရွာ၊ မုက္ကဒိကျေးရွာတို့၌ သဘာဝဘေး အန္တရာယ်နှင့်ပတ်သက်၍ ဆောင်ရန်/ ရှောင်ရန်အချက် များကို အသိပညာပေးဟောပြောခြင်းနှင့် လက်ကမ်း စာစောင်များဖြန့်ဝေခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှတာဝန်ရှိသူများသည်(၂၅-၈-၂၀၂၆) ရက်တွင် ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်ရှိ လူစည်းကားရာရပ်ကွက်များ၌ ရေဘေးမဖြစ်ပွားမီ ကြိုတင်ပြင်ဆင်ရန်၊ ဘေးဖြစ်ပွားချိန်နှင့် ဘေးဖြစ်ပွားပြီးချိန်တွင် လိုက်နာမည့် ဆောင်ရန်/ ရှောင်ရန် အချက်များအား အသိပညာပေးဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ၂၀၂၆ ခုနှစ်၊ ဩဂုတ်လအတွင်း Talk Show ပြုလုပ်ဆောင်ရွက်မှု




လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှတာဝန်ရှိသူများသည်(၂၄-၈-၂၀၂၆) ရက်မှ (၂၅-၈-၂၀၂၆) ရက်အတွင်း ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနခန်းမတွင် ရေဘေးအန္တရာယ်၊ လေဘေး အန္တရာယ်နှင့်ပတ်သက်၍ ဆောင်ရန်/ ရှောင်ရန်အချက် များအား အသိပညာပေး Talk Show အစီအစဉ် ဆောင်ရွက်ခဲ့ပါသည်။




လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှတာဝန်ရှိသူများသည်(၁၂-၈-၂၀၂၆) ရက်မှ (၂၁-၈-၂၀၂၆) ရက်အတွင်း ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ဓနုဖြူမြို့နယ်၊ ပြန်ကြားရေးနှင့်

ပြည်သူ့ဆက်ဆံရေးဦးစီးဌာနခန်းမ၊ လပွတ္တာခရိုင်၊ ခရိုင်ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနခန်းမ၊ ဖျာပုံခရိုင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနခန်းမတွင် ရေဘေး၊ မြေပြိုဘေးနှင့် သဘာဝဘေး အန္တရာယ် နှင့်ပတ်သက်၍ ဆောင်ရန်/ ရှောင်ရန် အချက်များအား အသိပညာပေး Talk Show အစီအစဉ် ဆောင်ရွက်ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ၂၀၂၆ ခုနှစ်၊ ဩဂုတ်လအတွင်း ဘေးဖြစ်ပွားမှုနှင့် ထောက်ပံ့မှုများ



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှတာဝန်ရှိသူများသည်(၁၂-၈-၂၀၂၆) ရက်တွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ မြဝတီ ရပ်ကွက်၊ နယ်မြေ (၁၃) ရပ်ကွက်၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် လုံးဝပျက်စီးလူနေအိမ် (၁) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၁၀၀,၀၀၀ိ/-)၊ ဘေးသင့်လူဦးရေ (၄) ဦးအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၂၀,၀၀၀ိ/-)နှင့် ကယ်ဆယ်ရေးပစ္စည်း (၁၆) မျိုးတို့ကို (၁၃-၈-၂၀၂၆) ရက်တွင် သွားရောက်ထောက်ပံ့ခဲ့ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှတာဝန်ရှိသူများသည်(၇-၈-၂၀၂၆) ရက်မှ (၁၅-၈-၂၀၂၆)ရက်အတွင်းမန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ သမ္မတောကျေးရွာအုပ်စု၊ ငွေ့ကြီးကုန်းကျေးရွာနှင့် မဲကင်းကုန်းကျေးရွာအုပ်စု၊ တဲကုန်းကျေးရွာ၌ မီးဘေးဖြစ်ပွားမှုကြောင့် လုံးဝပျက်စီးလူနေအိမ်နှင့် တစ်စိတ်တစ်ပိုင်းပျက်စီး လူနေအိမ်အတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေ၊ ဘေးသင့်လူဦးရေအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်း (၁၆) မျိုးတို့ကို သွားရောက်ထောက်ပံ့ခဲ့ပါသည်။



## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ၂၀၂၆ ခုနှစ်၊ ဩဂုတ်လအတွင်း ရေဘေးထောက်ပံ့မှု

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှတာဝန်ရှိသူများသည်(၁၁-၈-၂၀၂၆) ရက်တွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရန်အောင် (၁) ရပ်ကွက်၌ ရေဘေးဖြစ်ပွားခဲ့မှုကြောင့် တစ်စိတ်တစ်ပိုင်းပျက်စီးလူနေအိမ် (၁) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၅၀,၀၀၀ိ/-)၊ဘေးသင့်လူဦးရေ(၄)ဦးအတွက်ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၂၀,၀၀၀ိ/-) တို့ကို (၁၃-၈-၂၀၂၆) ရက်တွင် သွားရောက်ထောက်ပံ့ခဲ့ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှတာဝန်ရှိသူများသည်(၅-၈-၂၀၂၆) ရက်မှ (၁၈-၈-၂၀၂၆)ရက်အတွင်းမန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းခရိုင်၊ သပိတ်ကျင်းမြို့နယ်၊ကြာညှပ်ကျေးရွာအုပ်စု၊ မြင်သာကျေးရွာ၌ မိုးသည်းထန်စွာရွာသွန်း၍ တောင်ကျချောင်းရေ စီးဆင်းမှုကြောင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ မတ္တရာမြို့နယ်၊ကျောက်စရစ်ကုန်း(တ)ကျေးရွာအုပ်စု၊တံငါတောင်ကျေးရွာ၌ ဆည်ရေဝင်ရောက်မှုကြောင့် လည်းကောင်း၊

အမရပူရမြို့နယ်အတွင်း ဧရာဝတီမြစ်ရေနှင့် ဒုဌဝတီမြစ်ရေ ဝင်ရောက်မှုကြောင့် လည်းကောင်း၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်အတွင်းရှိ ရပ်ကွက် (၅) ခု၌ ဧရာဝတီမြစ်ရေ မြင့်တက်၍ ရေဝင်ရောက်မှုကြောင့် လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု (၈) စုမှ ကျေးရွာ (၂၅) ရွာ၌ ဒုဌဝတီမြစ်ရေမြင့်တက်၍ ရေဝင်ရောက်မှုကြောင့်လည်းကောင်း၊တံတားဦးခရိုင်၊တံတားဦးမြို့နယ်၊ ဈေးချိုကျေးရွာအုပ်စု၊ ဈေးချိုကျေးရွာ၌ ဒုဌဝတီမြစ်ရေမြင့်တက်၍ ရေဝင်ရောက်မှုကြောင့်လည်းကောင်း၊ အမရပူရမြို့နယ် အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများ၌ ဒုဌဝတီမြစ်ရေနှင့် ဧရာဝတီမြစ်ရေဝင်ရောက်မှုကြောင့် လည်းကောင်း၊ အောင်မြေသာစံခရိုင်၊ မတ္တရာမြို့နယ်၊ ကျောက်စရစ်(တ)ကျေးရွာအုပ်စု၊ ကျောက်စရစ် (တ) ကျေးရွာ၌ မိုးသည်းထန်စွာရွာသွန်း၍ ဆည်တော်ကြီးရေလှောင်တမံမှ ရေပိုရေလွှဲများ ထိန်းညှိ စီမံလွှတ်ချမှုတို့ကြောင့် ရေများဝင်ရောက်ခဲ့သဖြင့်လည်းကောင်း၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ အမှတ် (၂) ရပ်ကွက်နှင့် မန်ကျည်းတော်ရပ်တို့၌ ဧရာဝတီမြစ်ရေဝင်ရောက်မှုကြောင့်လည်းကောင်း၊ တစ်စိတ်တစ်ပိုင်းပျက်စီး လူနေအိမ်များအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေ၊ ဘေးသင့် လူဦးရေများအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေ၊ သေဆုံးထောက်ပံ့ငွေနှင့် ဒဏ်ရာရသူများအတွက် ဒဏ်ရာရ ထောက်ပံ့ငွေတို့ကို သွားရောက်ထောက်ပံ့ခဲ့ပါသည်။



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှတာဝန်ရှိသူများသည်(၁၁-၈-၂၀၂၆) ရက်မှ (၁၇-၈-၂၀၂၆) ရက်အတွင်း ကရင်ပြည်နယ်၊ ဘားအံခရိုင်၊ ဘားအံ မြို့နယ်၌ မိုးသည်းထန်စွာရွာသွန်း၍ သံလွင်မြစ်ရေမြင့်တက်မှုကြောင့် လေသာကျောင်းယာယီရေဘေးကယ်ဆယ်ရေးစခန်းနှင့် မိုးလုံလေလုံယာယီရေဘေးကယ်ဆယ်ရေးစခန်းတို့တွင် ပြောင်းရွှေ့ နေရသည့် ဘေးသင့်လူဦးရေများလည်းကောင်း၊ အထက (၁) မြကြေးမုံ၊ ရွှေယာဉ်မျှော်နှင့် အထက (၃) ယာယီရေဘေးကယ်ဆယ်ရေးစခန်းသို့ ပြောင်းရွှေ့နေရသည့် ဘေးသင့်လူဦးရေများ၊ ယာယီ ရေဘေးကယ်ဆယ်ရေးစခန်းသို့ ထပ်တိုး ပြောင်းရွှေ့လာသည့် ဘေးသင့်လူဦးရေများအတွက် လည်းကောင်း၊ အထက (၁) မြကြေးမုံနှင့် အထက (၃) ယာယီရေဘေးကယ်ဆယ်ရေးစခန်းသို့ ထပ်တိုးပြောင်းရွှေ့ရောက်ရှိလာသည့် ဘေးသင့်လူဦးရေများအတွက်လည်းကောင်း၊ ယာယီရေဘေး စခန်း (၂) ခုရှိ ဘေးသင့်လူဦးရေများလည်းကောင်း၊ရွှေယာဉ်မျှော်ယာယီရေဘေး ကယ်ဆယ်ရေးစခန်းသို့ ထပ်တိုးပြောင်းရွှေ့လာသည့် ဘေးသင့်လူဦးရေများအတွက် လည်းကောင်း၊ လူ(၁)ဦးလျှင်ခေါက်ဆွဲထုပ်(၁)ထုပ်နှုန်းဖြင့်လည်းကောင်း၊ လူ (၁) ဦးလျှင် ကြက်ဥ (၂) လုံးနှုန်းဖြင့်လည်းကောင်း၊ ငါးသေတ္တာ(၁) ဘူးနှုန်းဖြင့် လည်းကောင်း၊ ဆန်ရိက္ခာဖိုးထောက်ပံ့ငွေအား လည်းကောင်း သွားရောက် ထောက်ပံ့ခဲ့ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှတာဝန်ရှိသူများသည်(၁-၈-၂၀၂၆) ရက်မှ (၄-၈-၂၀၂၆) ရက်အတွင်း ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာ မြို့နယ်အတွင်းရှိ ကျေးရွာများ၌ ဝဝန်ရေကာတာ တာကျိုးပေါက်၍ မြစ်ရေကျော်ကျမှုကြောင့် အမှတ် (၁၊ ၂၊ ၃၊ ၄၊ ၅) ရပ်ကွက်၊ ရွာခွဲ (၁၃) ရွာတို့တွင် ရေဘေးဖြစ်ပွားခဲ့မှုကြောင့်လည်းကောင်း၊ ကျုံပျော်ခရိုင်၊ ရေကြည်မြို့နယ်၊ မယင်းကူးကျေးရွာအုပ်စု၊ မယင်းကူးကျေးရွာနှင့် ပိတောက်ချောင် ကျေးရွာအုပ်စု၊ သပြေအိုင်(၁)နှင့် သပြေအိုင် (၂) ကျေးရွာတို့၌ ဝဝန်ရေတာ၏ အောက်ခံမြစ်ကျိုးအင်း သဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် တာတမံနိမ့်ကျမှု ဖြစ်ပွားပြီး ရေကျော်စီးဝင် ခြင်းကြောင့် လေးမျက်နှာမြို့နယ်၊ ရန်ကုန် ဘုန်းတော်ကြီးကျောင်းနှင့် မယင်းကူး ဘုန်းတော်ကြီးကျောင်းသို့ ယာယီပြောင်းရွှေ့ခဲ့ရသည့် အိမ်ထောင်စုများမှ ဘေးသင့်လူဦးရေများအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေအားသွားရောက်ထောက်ပံ့ခဲ့ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှတာဝန်ရှိသူများသည်(၄-၈-၂၀၂၆)

ရက်မှ (၁၆-၈-၂၀၂၆)ရက်အတွင်းရောဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ်၊ ရှားဖြူကျင်းကျေးရွာအုပ်စု၊ ရှမ်းရွာအုပ်စု၊ ကိုးတဲအုပ်စုနှင့် ကညင်သောင်အုပ်စုအတွင်းရှိ ကျေးရွာများ၊ လေးမျက်နှာမြို့နယ်နှင့် ဟင်္သာတမြို့နယ်၊ ဇရပ်ကွင်းအုပ်စု၊ လိပ်ခုံးကျေးရွာအုပ်စု၊ သဲဖြူ(ခမ္မီ)အုပ်စု၊ ပြာသာအုပ်စု၊ နွယ်ခွေအုပ်စု၊ ယုန်သလင်းအုပ်စုနှင့် ဘိတ်ရိုးအုပ်စုအတွင်းရှိ ကျေးရွာများ၊ ဝါးရုံချောင်းအုပ်စုနှင့် လဟာကြီးအုပ်စုအတွင်းရှိ ကျေးရွာ(၁၁)ရွာ၊ ကျုံပျော်ခရိုင်၊ ရေကြည်မြို့နယ်၊ မအူကုန်းကျေးရွာအုပ်စု၊ ကျုံတာကျေးရွာ၊ ကျုံပျော်မြို့နယ်အတွင်းရှိ ကျေးရွာများ၊ ရေကြည်မြို့နယ်အတွင်းရှိ ကျေးရွာများ၌ ရေဘေးဖြစ်ပွားခဲ့မှုကြောင့် ဘုန်းတော်ကြီးကျောင်းနှင့် School Cum Shelter (ကြံလဟာ) သို့ ယာယီပြောင်းရွှေ့ခဲ့ရသည့် အိမ်ထောင်စုများအတွက် လည်းကောင်း၊ ကျုံပျော်ခရိုင်၊ ကျောင်းကုန်းမြို့နယ်၊ အမှတ် (၁၊ ၃) ရပ်ကွက်နှင့် ရေခလုတ်ကျေးရွာ အုပ်စု၊ မကျီးပင်ကွင်း ကျေးရွာအုပ်စုတို့တွင် ဒါးကမြင်မြစ်ရေမြှင့်တက်လာပြီး ရေဘေး ဖြစ်ပွားမှုကြောင့် ဘုန်းတော်ကြီးကျောင်းသို့ ယာယီပြောင်းရွှေ့ခဲ့သည့် အိမ်ထောင်စုများ အတွက်လည်းကောင်း၊ ဟင်္သာတခရိုင်၊ လေးမျက်နှာမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၌ ရေဘေးဖြစ်ပွားခဲ့မှုကြောင့် ပြိုကျ အိမ်ခြေများအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်း (၁၆) မျိုးတို့ကို သွားရောက်ထောက်ပံ့ခဲ့ပါသည်။



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှတာဝန်ရှိသူများသည်(၁၂-၈-၂၀၂၆) ရက်မှ(၁၉-၈-၂၀၂၆)ရက်အတွင်းရောဝတီတိုင်းဒေသကြီး၊ ကျုံပျော်ခရိုင်၊ ရေကြည်မြို့နယ်အတွင်းရှိ ကျေးရွာများနှင့် ရပ်ကွက်များ၌ လေးမျက်နှာမြို့နယ်ရှိ ဝဝန်ရေတာ၏ အောက်ခံမြစ် ကျိုးအင်းသဲကြောမှ ထုးပေါက်၍ ရေဖြတ်သန်း စီးဆင်းမှုကြောင့် တာမံနိမ့်ကျမှုဖြစ်ပွားပြီး ရေကျော်စီးဝင်ခြင်းကြောင့်လည်းကောင်း၊ မအူပင်ခရိုင်၊ ဓနုဖြူမြို့နယ်အတွင်းရှိကျေးရွာများနှင့် ရပ်ကွက်များ၌ ရောဝတီမြစ်ရေဝင်ရောက်မှုကြောင့် ပြိုကျပျက်စီးခဲ့သည့် လူနေအိမ်များအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေ၊ ဘေးသင့်လူဦးရေများအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်း (၁၆) မျိုးတို့ကို သွားရောက်ထောက်ပံ့ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ၂၀၂၆ ခုနှစ်၊ ဩဂုတ်လအတွင်း မိုးကြိုးဘေးဖြစ်ပွားမှု



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှတာဝန်ရှိသူများသည်(၆-၈-၂၀၂၆) ရက်တွင် ရောဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ ဝါးခယ်မြို့နယ်၊ လက်ခုပ်ကျေးရွာအုပ်စု၊ လက်ခုပ်ကျေးရွာ၌ မိုးကြိုးဘေးဖြစ်ပွားမှုကြောင့် သေဆုံးသူ (၁) ဦးအတွက် သေဆုံး ထောက်ပံ့ငွေကျပ်(၃၀၀,၀၀၀/-)အား(၇-၈-၂၀၂၆) ရက်တွင် သွားရောက်ထောက်ပံ့ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ၂၀၂၆ ခုနှစ်၊ ဩဂုတ်လအတွင်း ကမ်းပြိုဘေးဖြစ်ပွားမှု

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှတာဝန်ရှိသူများသည်(၄-၈-၂၀၂၆) ရက်မှ (၂၄-၈-၂၀၂၆) ရက်အတွင်း ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊လယ်ဝေးခရိုင်၊လယ်ဝေးမြို့နယ်၊ရှမ်းစုအုပ်စု၊ ညောင်ပင်သာကျေးရွာ၊ ရှမ်းစုအရှေ့ကျွန်းကျေးရွာ၊ ကူသပိတ်မြို့နယ်၊ကြက်သွန်းခင်းကျေးရွာ၊ညိုပင်ကျေးရွာအုပ်စု၊ သုံးတန်ကူးကျေးရွာ၌ ကမ်းပါးပြိုမှုကြောင့် ကြိုတင်ပြောင်းရွှေ့ခဲ့သည့် လူနေအိမ်များအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေနှင့် ဘေးသင့်လူဦးရေများအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေအား သွားရောက်ထောက်ပံ့ခဲ့ပါသည်။



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှတာဝန်ရှိသူများသည်(၅-၈-၂၀၂၆) ရက်မှ (၂၁-၈-၂၀၂၆)ရက်အတွင်းဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်ခရိုင်၊ အင်္ဂပူမြို့နယ်၊ မဲဇလီကုန်းမြို့၊ အမှတ် (၂) ရပ်ကွက်၊ ညောင်တုန်းမြို့နယ်၊ ဂန်ချောင်းကျေးရွာအုပ်စု၊ မာယူချောင်းဖျားကျေးရွာ၊ အင်္ဂပူမြို့နယ်၊နောက်မီးကျေးရွာအုပ်စု၊ မကျီးစုကျေးရွာ၊ ဟင်္သာတခရိုင်၊ ဇလွန်မြို့နယ်၊ ညောင်ပင်သာအုပ်စု၊ ရေပေါက်ကြီးရွာနှင့် ကြာအင်းအုပ်စု၊ ရေပေါက်ကြီးကျေးရွာ၊ မြန်အောင်ခရိုင်၊ အင်္ဂပူမြို့နယ်၊ နောက်မီးကျေးရွာအုပ်စု၊ မကျီးစုကျေးရွာ၊ မအူပင်ခရိုင်၊ ပန်းတနော် မြို့နယ်၊ ရေပေါ်ကြီးကျေးရွာအုပ်စု၊ ကုလားမချောင်ကျေးရွာနှင့် အထက်ကဇင်းတောကျေးရွာ၊ ညောင်တုန်းမြို့နယ်၊ ဂန်ချောင်းကျေးရွာအုပ်စု၊ မာယူချောင်းဖျားကျေးရွာ၊ ပန်းတနော်မြို့နယ်၊ ဘဝိုင်းကျေးရွာအုပ်စု၊ ကမ်းနားစုကျေးရွာ၊ မအူပင်ခရိုင်၊ ပန်းတနော်မြို့နယ်၊ တောကျောင်းအုပ်စု၊ ပေါက်ချောင်းကျေးရွာနှင့်နံ့ဂါတ်ကျေးရွာ၊ရေပေါ်ကြီးအုပ်စု၊ကုလားကုတ်ကျေးရွာနှင့် ကဿဝင် ကျေးရွာအုပ်စု၊ ကဿဝင်ကျေးရွာ၌ ကမ်းပါးပြိုမှုကြောင့် ကြိုတင်ပြောင်းရွှေ့ လူနေအိမ်များအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေ၊ ဘေးသင့်လူဦးရေများအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေအား သွားရောက်ထောက်ပံ့ခဲ့ပါသည်။




## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ၂၀၂၆ ခုနှစ်၊ ဩဂုတ်လအတွင်း မြေပြိုဘေးထောက်ပံ့မှု

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှတာဝန်ရှိသူများသည်(၆-၈-၂၀၂၆) ရက်မှ (၁၀-၈-၂၀၂၆)ရက်အတွင်းမန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်း မြို့နယ်၊ မိုးကုတ်မြို့နယ်၊ ကျပ်ပြင်ကျေးရွာအုပ်စု၊ ကသဲကျေးရွာအုပ်စု၊ အောင်သစ်လွင်ကျေးရွာ၊ သပိတ်ကျင်းခရိုင်၊ မိုးကုတ်မြို့နယ်၊ ရှောလီဝိုင်းရပ်ကွက်၊ လယ်ဦးရပ်ကွက်နှင့် ကျပ်ပြင်ကျေးရွာ၊ ရှောလီဝိုင်းရပ်ကွက်နှင့် ကျပ်ပြင်ကျေးရွာ၊ မင်းတံတားရပ်ကွက်၊ ကပိုင်းကျေးရွာအုပ်စု၊ ကျောက်ပြဿဒ်ကျေးရွာတို့၌ မြေပြိုဘေးဖြစ်ပွားမှုကြောင့် လုံးဝပျက်စီးလူနေအိမ်များနှင့် တစ်စိတ်တစ်ပိုင်း ပျက်စီးလူနေအိမ်များအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေ၊ ဘေးသင့်လူဦးရေများအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေနှင့်ကယ်ဆယ်ရေးပစ္စည်း (၁၆) မျိုးတို့ကို သွားရောက်ထောက်ပံ့ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ၂၀၂၆ ခုနှစ်၊ ဩဂုတ်လအတွင်း လေဘေးထောက်ပံ့မှု

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှတာဝန်ရှိသူများသည်(၃-၈-၂၀၂၆) ရက်မှ(၁၇-၈-၂၀၂၆)ရက်အတွင်းဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ပုသိမ်မြို့နယ်၊အမှတ်(၅)ရပ်ကွက်၊ကျိုက်လတ်မြို့နယ်၊ လှည်းဆိပ်ကျေးရွာအုပ်စု၊ လှည်းဆိပ်ကွင်းကျေးရွာ၊ ညောင်တုန်းမြို့နယ်၊ ဝါးတောစွန်း ကျေးရွာအုပ်စု၊ ငါးကြီးအိုင်ကျေးရွာ၊ ပုသိမ်မြို့နယ်၊ အမှတ် (၉) ရပ်ကွက်၊ ပုသိမ်ခရိုင်၊ ပုသိမ်မြို့နယ်၊ အမှတ် (၉) ရပ်ကွက်၊ မြန်အောင်ခရိုင်၊ အင်္ဂပူမြို့နယ်၊ ကွဲသောင်ကျေးရွာအုပ်စု၊ ကွဲသောင်ကျေးရွာ၊ မအူပင်ခရိုင်၊ ပန်းတနော်မြို့နယ်၊ အလယ်ပိုင်းရပ်ကွက်၌ လေပြင်းဘေးဖြစ်ပွားမှုကြောင့် တစ်စိတ်တစ်ပိုင်းပျက်စီး လူနေအိမ်အတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေနှင့် ဘေးသင့်လူဦးရေများအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေအား သွားရောက်ထောက်ပံ့ခဲ့ပါသည်။



## (၃၄)ကြိမ်မြောက် မြန်မာ-ထိုင်း လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေးနှင့် ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးဆိုင်ရာ ဖြစ်ရပ်စီမံခန့်ခွဲမှုအစည်းအဝေးကျင်းပပြုလုပ်ခြင်း ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၄၊ ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့




ထိုင်းနိုင်ငံ၊ လူမှုဖွံ့ဖြိုးတိုးတက်ရေးနှင့် လူသားလုံခြုံရေးဝန်ကြီးဌာနသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့်ပူးပေါင်း၍ (၃၄)ကြိမ်မြောက် မြန်မာ-ထိုင်း လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေးနှင့် ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးဆိုင်ရာ ဖြစ်ရပ်စီမံခန့်ခွဲမှုအစည်းအဝေး **(34th Case Management Meeting on the Return and Reintegration of Victims of Trafficking)** အား ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ(၁၄)ရက်နေ့တွင် ဗန်ကောက်မြို့၊ **Asia Hotel** ၌ ထိုင်းနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပဆောင်ရွက်ခဲ့ပါသည်။

အဆိုပါ အစည်းအဝေးသို့ မြန်မာနိုင်ငံ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမင်းသိဏ်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင် (၁၅)ဦးနှင့် ထိုင်းနိုင်ငံ၊ လူမှုဖွံ့ဖြိုး တိုးတက်ရေးနှင့် လူသားလုံခြုံရေးဝန်ကြီးဌာနမှ ဒုတိယအမြဲတမ်းအတွင်းဝန် **Ms. Sunee Srisangatrakullert** ဦးဆောင်သော ထိုင်းကိုယ်စားလှယ်အဖွဲ့ဝင်(၅၁)ဦး စုစုပေါင်း (၆၆)ဦးတို့ တက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေး ဖွင့်ပွဲအခမ်းအနား၌ မြန်မာကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် ပြန်လည်ထူထောင်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်က မြန်မာနှင့် ထိုင်းနိုင်ငံသည် ရှည်လျားသည့် နယ်စပ်ထိစပ်မှုရှိမည့်အပြင် ယဉ်ကျေးမှု၊ ထုံးတမ်းအစဉ်အလာ၊ ကိုးကွယ်ယုံကြည်မှုတို့လည်း နီးစပ်စွာ တူညီကြပြီး ကာလကြာရှည်စွာ အိမ်နီးချင်း မိတ်ဆွေကောင်းများအဖြစ် ရပ်တည်နေထိုင်ခဲ့ကြကြောင်း၊ နယ်နိမိတ်ထိစပ်မှု ရှည်လျားသည်နှင့်အမျှ တစ်နိုင်ငံနှင့်တစ်နိုင်ငံ အလွယ်တကူ ကူးသန်းသွားလာနိုင်ခြင်းကြောင့် မြန်မာနိုင်ငံသားအချို့သည် ထိုင်းနိုင်ငံသို့

လာရောက် အလုပ်လုပ်ကိုင်ကြရာမှ လူကုန်ကူးခံရခြင်း၊ အဓမ္မခိုင်းစေခံရခြင်းတွေ ကြုံတွေ့ကြရကြောင်း၊ ယင်းကဲ့သို့ ကြုံတွေ့ရသည့် မြန်မာနိုင်ငံသားများကို ကူညီကယ်ဆယ်ခြင်း၊ ကာကွယ်စောင့်ရှောက်ခြင်း၊ ရပိုင်ခွင့်ရှိသည့်အခွင့်အရေးများကိုအပြည့်အဝရရှိအောင်ဆောင်ရွက်ပေးခြင်းများအတွက် ထိုင်းနိုင်ငံအစိုးရတာဝန် ရှိသူများကို ကျေးဇူးတင်ရှိပါကြောင်း၊ နည်းပညာတိုးတက်လာမှုအရ အွန်လိုင်းငွေကြေးလိမ်လည်မှု၊ သွေးဆောင်ဖြားယောင်းမှုများမှတဆင့် လူကုန်ကူးမှု၊ အတင်းအကျပ်ခိုင်းစေမှုနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် ဆက်စပ်နေသည့် နယ်စပ်ဖြတ်ကျော် ရာဇဝတ်မှုများ သိသိသာသာတိုးပွားဖြစ်ပေါ်လျက်ရှိသည့် မျက်မှောက်ကာလတွင် အဆိုပါကိစ္စများ လျော့နည်းပပျောက်ရေးအတွက် မြန်မာနိုင်ငံသည် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းပြီး အထူးအလေးပေး ဆောင်ရွက်နေကြောင်း၊ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံအကြားရှိပြီးဖြစ်သည့် ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန် လေးစားနားလည်မှုများဖြင့် ရင်ဆိုင် ကြုံတွေ့နေရသည့် လူကုန်ကူးမှုပြဿနာကို ဆက်လက် ပူးပေါင်းတိုက်ဖျက်သွားရန် မြန်မာနိုင်ငံအနေဖြင့် အမြဲအသင့်ရှိနေကြောင်း၊ နှစ်နိုင်ငံဝန်ကြီးဌာန နှစ်ခု၏ အဓိကမျှော်မှန်းချက်ဖြစ်သည့် လူကုန်ကူးခံရသူများအား ရေရှည်တည်တံ့ခိုင်မြဲပြီး ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးများ ဆောင်ရွက်ပေးခြင်းဖြင့် နောက်ထပ်တဖန် လူကုန်ကူးခံရခြင်းအန္တရာယ်မှ ကာကွယ်နိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် အစီအစဉ်များအတိုင်း (၃၄) ကြိမ်မြောက် မြန်မာ-ထိုင်း လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေးနှင့် ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးဆိုင်ရာ ဖြစ်ရပ်စီမံခန့်ခွဲမှု အစည်းအဝေးကို နှစ်နိုင်ငံကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များမှ ဦးဆောင်၍ ဆက်လက်ကျင်းပခဲ့ပြီး အစည်းအဝေး ဆုံးဖြတ်ချက် (၁၁) ချက် ကို အတည်ပြုချမှတ်ခဲ့ပါသည်။

## မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း(မန္တလေး)၌ စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးသင်တန်းအမှတ်စဉ်(၁/၂၀၂၆)သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြန်လည် ထူထောင်ရေးဦးစီးဌာန၊ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း (မန္တလေး)၌ စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူး သင်တန်းအမှတ်စဉ် (၁/၂၀၂၆) သင်တန်းဖွင့်ပွဲကို ဩဂုတ်လ (၁၇)ရက်တွင် အောင်မြေသာစံမြို့နယ်၊ ၇၃ လမ်း၊ ၁၀ လမ်း နှင့် ၁၂ လမ်းကြားရှိ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း (မန္တလေး) ရှိ အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

ဖွင့်ပွဲအခမ်းအနားတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အောင်မြေသာစံခရိုင်၊ ခရိုင်အုပ်ချုပ်ရေးမှူးမှ မူးယစ်ဆေး သုံးစွဲသူများအနေဖြင့် မိမိတို့ကိုယ်တိုင် မူးယစ်ခွံ့ထဲမှ ရုန်းထွက်လိုသော်လည်း ဆေးဖြတ်ပြီးနောက်ပိုင်း ရုပ်ပိုင်းဆိုင်ရာကုသမှုများကိုသာ ဆောင်ရွက်ပြီး စိတ်ပိုင်းဆိုင်ရာ ကုသမှုမပြုလုပ်သည့်အတွက် ထပ်မံဆေးစွဲသည့်အဆင့်သို့ ရောက်ရှိသွားသည်ကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေး စခန်းဖွင့်လှစ်ကာ ပြန်လည်ထူထောင်ရေးသင်တန်းများ ဖွင့်လှစ်ခြင်းနှင့် ပြန်လည်ထူထောင်ရေးသင်တန်းဆင်း သင်တန်းသား များအား နောက်ဆက်တွဲစောင့်ရှောက်မှုပြုလုပ်နိုင်ရန် အတွက် စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူး သင်တန်းများ ဖွင့်လှစ်ရခြင်းဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။



သင်တန်းဖွင့်ပွဲအခမ်းအနားသို့ အောင်မြေသာစံခရိုင်အတွင်းရှိ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ လူကုန်ကူးခံရသူများ ယာယီ

လက်ခံ စောင့်ရှောက်ရေးဂေဟာ၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူငယ်သင်တန်းကျောင်း၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ အမှတ်(၁၇) မူးယစ်တပ်ဖွဲ့စု၊ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေး အသင်း၊ မူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေးအသင်းတို့မှ တာဝန်ရှိသူများနှင့် မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည် ထူထောင်ရေးစခန်း (မန္တလေး)မှ ဝန်ထမ်းများနှင့် သင်တန်းတက်ရောက်မည့် သင်တန်းသား (၂၀)ဦး၊ စုစုပေါင်း(၅၈)ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ (၁၇-၈-၂၀၂၆) ရက်နေ့မှ (၂၁-၈-၂၀၂၆) ရက်နေ့ထိ (၅)ရက်ကြာ ဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ပြီး ဖွင့်ပွဲ အခမ်းအနား ကို ရုပ်သိမ်းခဲ့ပါသည်။

## စခန်းအခြေပြုပြန်လည်ထူထောင်ရေးသင်တန်း(၁/၂၀၂၆)ဆင်းပွဲ အခမ်းအနားကျင်းပ



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း (ဝက်ထီးကန်)၌ စခန်းအခြေပြု ပြန်လည်ထူထောင်ရေး သင်တန်းအမှတ်စဉ် (၁/၂၀၂၆) သင်တန်းဆင်းပွဲ အခမ်း အနား ကို (၂၁-၈-၂၀၂၆) ရက်နေ့တွင် ကျင်းပပြုလုပ် ခဲ့ပါသည်။

အခမ်းအနားတွင် ပြန်လည်ထူထောင်ရေးဦးစီး ဌာန၊ မူးယစ်ဆေးဖြတ်ပြီးသူများပြန်လည် ထူထောင်ရေး စခန်း (ဝက်ထီးကန်)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစဝင်းနိုင်က မူးယစ်ဆေးဝါးသည် ဦးနှောက်နှင့် အာရုံကြောစနစ်ကို ပြောင်းလဲစေရုံသာမက လူငယ်/ လူရွယ်များ၏ ဘဝတိုးတက်ရေးကို ဖျက်ဆီးစေသည့် အန္တရာယ်ဖြစ်ပါကြောင်း၊ မူးယစ်ဆေးဝါးကိုသုံးစွဲခြင်းဖြင့် ခဏတာ ပျော်ရွှင်မှုကိုသာရရှိစေပြီး ထပ်ခါထပ်ခါ သုံးစွဲပါက မှီခိုမှုနှင့်စွဲလမ်းမှုတို့ကို ဖြစ်လာစေပါကြောင်း၊ သုံးစွဲသည့်မူးယစ်ဆေးဝါး အမျိုးအစားပေါ်မူတည်ပြီး နှလုံးခုန်နှုန်းနှင့်သွေးပေါင် ပြောင်းလဲခြင်း၊ နှလုံး၊ အသည်း၊ ကျောက်ကပ်စသည့် ကိုယ်တွင်းအင်္ဂါများ ထိခိုက်ခြင်း၊ အာရုံကြောစနစ်ပျက်စီးခြင်း၊ အသက်ရှူ လမ်းကြောင်းထိခိုက်ခြင်း၊ အလွန်အကျွံသုံးစွဲခြင်းကြောင့် အသက်ဆုံးရှုံးခြင်းများကိုပါ ဖြစ်စေနိုင်ပါကြောင်း၊ ယနေ့ ခေတ်တွင် မိမိတို့၏ပတ်ဝန်းကျင်၌ မူးယစ်ဆေးဝါး ပြဿနာသည် စိန်ခေါ်မှု တစ်ရပ်ဖြစ်နေသည့်အတွက် လူငယ်များရင်ဆိုင်ဖြေရှင်းနိုင်ရန်မှာ အလွန်ပင်အရေးကြီး ပါကြောင်း၊ လူငယ်များကို အသက်အန္တရာယ်ဆုံးရှုံး စေသည်အထိ အဓိကခြိမ်းခြောက်နေသည်မှာ မူးယစ် ဆေးဝါးပင်ဖြစ်ပါကြောင်း၊ လူသားများ၏ ကျန်းမာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကို ထိခိုက် ခြိမ်းခြောက်လျက်ရှိတဲ့ မူးယစ်ဆေးဝါးများအန္တရာယ်ကို ကြိုတင်ကာကွယ်ရန်နှင့် ထိရောက်စွာ တိုက်ဖျက်နှိမ်နင်းနိုင်ရန် အထူးလိုအပ်သည့် အတွက် ယခုကဲ့သို့စခန်းအခြေပြုပြန်လည်ထူထောင်ရေး သင်တန်းများကိုဖွင့်လှစ်ပြီး မူးယစ်ဆေးစွဲသူလူငယ်များ အား လက်ခံစောင့်ရှောက်နေခြင်းဖြစ်ပါကြောင်း၊ မူးယစ် ဆေးဝါးအန္တရာယ်အား မည်သို့ကာကွယ်တိုက်ဖျက်ရမည် ကို သိရှိစေရုံသာမက သတိပြုနားလည်စေရန် အသိပညာ ပေးခြင်း၊ စိတ်ပိုင်း/ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင် ပေးခြင်း၊၊ အသက်မွေးဝမ်းကျောင်းပညာသင်တန်းများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မူးယစ်ဆေးဖြတ်ပြီး သူများ ပြန်လည်ထူထောင်ရေးစခန်း (ဝက်ထီးကန်) အနေဖြင့် သင်တန်းများကို စဉ်ဆက်မပြတ်ဖွင့်လှစ် လျက်ရှိပြီး မူးယစ်ဆေးဖြတ်ပြီးသူများပြန်လည်ထူထောင် ရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်

ရှိပါကြောင်း၊စိတ်သစ်လူသစ်ဘဝသစ်ဖြင့်ရပ်ရွာအကျိုးပြု လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်၊ မူးယစ်ဆေးဝါးသုံးစွဲသူ အရေအတွက် လျော့ပါးလာစေရန်နှင့် နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်များ လျော့ပါးဆုံးရှုံးခြင်းအား တစ်ဖက်တစ်လမ်းမှ အထောက်အကူပြု နိုင်မည်ဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။

## မူးယစ်ဆေးဖြတ်ပြီးသူများပြန်လည်ထူထောင်ရေးစခန်း(မန္တလေး)၌ စေတနာ့ဝန်ထမ်းမူးယစ်ကြီးကြပ်ရေးမှူး သင်တန်းအမှတ်စဉ်(၁/၂၀၂၆) သင်တန်းဆင်းပွဲအခမ်းအနားကျင်းပ

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း (မန္တလေး)၌ စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူး သင်တန်းအမှတ်စဉ် (၁/၂၀၂၆) သင်တန်းဆင်းပွဲကို ဩဂုတ်လ (၂၁) ရက်တွင် အဆိုပါစခန်းရှိ အစည်းအဝေး ခန်းမတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး၊ ဦးနေအောင်ကျော်က မူးယစ်ဆေးဖြတ်လိုသူများအနေဖြင့် မူးယစ်ဆေးစွဲရောဂါကုသမှု ခံယူပြီးနောက် တစ်ဆက်တည်းပြန်လည်ထူထောင်မှုခံယူရမည်ဖြစ်ပြီး ပြန်လည်ထူထောင်မှု ခံယူပြီးပါကလည်း နောက်ဆက်တွဲစောင့်ရှောက်မှုကို ခံယူရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယခုကဲ့သို့သော စေတနာ့ ဝန်ထမ်း မူးယစ် ကြီးကြပ်ရေးမှူး သင်တန်းများဖွင့်လှစ်ကာ မူးယစ်ကြီးကြပ်ရေးမှူးများမှတဆင့် ပြန်လည်ထူထောင်ရေး သင်တန်းဆင်း သင်တန်းသားများအား နောက်ဆက်တွဲစောင့်ရှောက်မှုပေးခြင်း၊ မိမိတို့၏ ရပ်ရွာဝန်းကျင်အတွင်း မူးယစ်ဆေးဝါး အန္တရာယ်ကင်းစင်စေရေး အသိပညာပေးခြင်းနှင့် သုံးစွဲမှုပပျောက်စေရေးအတွက် မူးယစ်ဆေးဖြတ်လုပ်ငန်းစဉ်များအား မျှဝေပေးနိုင်ခြင်းဖြင့် မိမိတို့၏ ရပ်ရွာမှစ၍ နိုင်ငံတစ်ဝန်း မူးယစ်အန္တရာယ် ကင်းစင်အောင် ဆောင်ရွက်သွားကြရန် ပြောကြားခဲ့ပါသည်။

ဆက်လက်၍ သင်တန်းဆင်း သင်တန်းသားများအား စခန်းတာဝန်ခံမှ သင်တန်းဆင်း လက်မှတ်များပေးအပ်ချီးမြှင့်ခဲ့ပြီး စေတနာ့ဝန်ထမ်းမူးယစ်ကြီးကြပ်ရေးမှူးသင်တန်းအမှတ်စဉ် (၁/၂၀၂၆) သို့ တက်ရောက်ခဲ့သော သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးမှ ကျေးဇူးတင်စကား ပြောကြားခဲ့ပါသည်။



သင်တန်းဆင်းပွဲ အခမ်းအနားတွင် မန္တလေးလူငယ်သင်တန်းကျောင်းမှလက်ထောက်ညွှန်ကြားရေးမှူး၊ တိုင်းလူမှုဝန်ထမ်းရုံးမှ ဦးစီးအရာရှိ၊ အမှတ်(၁၇) မူးယစ်တပ်ဖွဲ့စုမှရဲမှူး၊ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးတပ်ဖွဲ့စုမှရဲအုပ်၊ မူးယစ်ဆေးဝါးသုံးစွဲမှု ပပျောက်ရေး အသင်း (ဗဟို)မှ ဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူး၊ ဖိတ်ကြားထားသည့် လူမှုရေးအသင်းအဖွဲ့များမှ ဧည့်သည်တော်များ၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း (မန္တလေး)ရှိ အရာထမ်းနှင့် အမှုထမ်းများ၊ သင်တန်းသား (၂၀)ဦး၊ စုစုပေါင်း(၄၁)ဦး တက်ရောက်ခဲ့ပြီး သင်တန်းဆင်းပွဲအခမ်းအနားကို ရုပ်သိမ်းခဲ့ပါသည်။

## အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ဝေနတာကျိုးပေါက်မှုကြောင့် ရေဝင်ရောက်ခဲ့သည့် ရောဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်သို့ လှည့်လည်ကြည့်ရှု၍ ရေဘေးရှောင်ပြည်သူများအား သွားရောက်ထောက်ပံ့ခြင်း



**၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁ ရက်** **ရောဝတီတိုင်းဒေသကြီး**

ရောဝတီတိုင်းဒေသကြီး၊ ဟသ်ာတခရိုင်၊ လေးမျက်နှာမြို့နယ်သို့ ရောက်ရှိနေသော အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ရောဝတီတိုင်းဒေသကြီး၊ ဝန်ကြီးချုပ် ဦးအေးကျော်နှင့်အတူ တာဝန်ရှိသူများ လိုက်ပါ၍ စာရေးကွင်းကျေးရွာ ရွာဦး ဘုန်းကြီးကျောင်း ယာယီရေဘေးကယ်ဆယ်ရေးစခန်းသို့ သွားရောက်ပြီး ဝေနတာကျိုးပေါက်မှုကြောင့် လေးမျက်နှာမြို့၊ ရပ်ကွက် ၅ ခုနှင့် ကျေးရွာ ၉ ရွာရှိ အိမ်ခြေ ၁၇၃၄ လုံး၊ အိမ်ထောင်စု ၁၇၆၄ စုမှ လူဦးရေ ၈၃၈၂ ဦးတို့အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဆန်ရိက္ခာဖိုးငွေ ကျပ် ၄၁.၉၁၀ သန်းနှင့် ခေါက်ဆွဲခြောက်၊ ငါးသေတ္တာ၊ ကြက်ဥနှင့် ရေသန့် စသည့် အခြေခံစားသောက်ကုန်များအတွက် တန်ဖိုးငွေ ကျပ် ၄၁.၆၅၁ သန်းကျော်၊ စုစုပေါင်း တန်ဖိုးငွေ ကျပ် ၈၃.၅၆၁ သန်းကျော်အားလည်းကောင်း၊ ရောဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့မှ စားသောက်ဖွယ်ရာများ အားလည်းကောင်း အသီးသီးထောက်ပံ့ပေးအပ်ခဲ့ပြီး ရေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကား ပြောကြားခဲ့ပါသည်။

ဆက်လက်၍ လေးမျက်နှာမြို့နယ်အတွင်း ဝေနတာမိုင်တိုင်အမှတ် ၂၅/၃ ၌ သဲဗွက်တစ်ခု ဖြစ်ပွားခဲ့ရာမှ တာအလျားပေ ၃၀ ခန့်တွင် ၅ ပေ နိမ့်ဆင်းပြီး အကျယ် ၁၇၀ ပေ ကျိုးပေါက်ခဲ့မှုကြောင့် မြို့တွင်းရေဝင်ရောက်မှုအခြေအနေ၊ ပြန်လည်ပြုပြင်တည်ဆောက်ရေးနှင့်စပ်လျဉ်း၍ ဆောင်ရွက်မည့် အခြေအနေများကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးမှ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။

၎င်းနောက်ပြည်ထောင်စုဝန်ကြီးနှင့်တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် လေးမျက်နှာမြို့ပေါ် ရပ်ကွက်နေရာများတွင် လူနေအိမ်များအတွင်း ရေဝင်ရောက်မှု အခြေအနေ၊ သက်ဆိုင်ရာအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များက ရေဘေးသင့်ပြည်သူများအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးနေမှု၊ ကူညီကယ်ဆယ်ရေး ဆောင်ရွက်နေမှုများအား လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သတင်းရရှိခဲ့ပါသည်။